ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ စနေနေ့ (25-4-2009) (၆၀၁၉)

ဆရာ၊ ဆရာမများအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာပြီးဖြစ်သည့် ဂုဏ်သိက္ခာရှိသော ပညာတတ်များဖြစ်သည်နှင့်အညီ မိမိတို့၏ ကျောင်းသား၊ ကျောင်းသူ တပည့်များကိုလည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရင့်သန်ခိုင်မာလာစေရေးအတွက် သင်ကြားပြသပေး။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန ၂၀၀၉ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက္ကသိုလ်များ၊ ကျောင်းများ၏ အနှစ်သာရဖြစ်သည့် အရည်အသွေးဆိုင်ရာ သင်ကြားသင်ယူမှု မြင့်မားစေရေးအတွက် ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများက ကျွမ်းကျင်ပိုင်နိုင်စွာ အကောင်အထည်ဖော် ဆောင်ရွက် သင်ယူမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးအတွက် ကျောင်းများ၏အသွင်သဏ္ဌာန်ဆိုင်ရာ ကျောင်းလုပ်ငန်းစွမ်းဆောင်ချက်များကို နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ လက်တွဲဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

ပညာရေးဝန်ကြီးဌာန ၂၀၀၉ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ပျဉ်းမနား ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ပြည်နယ်၊ တိုင်း၊ခရိုင် ပညာရေးမှူးများ၊ ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယခုအခါတွင် အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးနိုင်စေမည့် သိပ္ပံနည်းပညာရပ်များ၊ အသိဉာဏ်နှင့်ဆင်ခြင်၊ ဆန်းစစ်၊ လေ့လာ၊ သုံးသပ်နိုင်စွမ်း ပြည့်ဝသည့် ဝိဇ္ဇာပညာရပ်များ စသော ပညာရေးပိုင်းဆိုင်ရာ၌ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရအောင် ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်ကြောင်း။

တစ်ချိန်တည်းတွင် အရည်အချင်းမြင့်မားသော ပညာတတ်များ ပေါ်ထွန်းလာစေရေးကိုလည်း ပညာရေးကဏ္ဍကသာ လေ့ကျင့်မွေးထုတ်ပေးနိုင်ခြင်းကြောင့် ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် အမျိုးသားပညာရည် မြင့်မားရေးအတွက် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို နှစ်တိုငါးနှစ် စီမံကိန်းခြောက်ခုဖြင့် ပိုင်းခြားထားပြီး လုပ်ငန်းစဉ်(၁၀)ရပ်၊ စီမံချက်(၃၁)ခုတို့ဖြင့် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါစီမံကိန်းလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်အတွင်း ဒေသအလိုက်ဟန်ချက်ညီညီ **စာမျက်နှာ ၂ ကော်လံ ၁ သို့** ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် နေ့အပူချိန်များ ၂၄-၄-၂၀၀၉

မြင်းခြံ	-	၄၂ ဒီဂရီစင်တီဂရိတ်
မုံရွာ၊ ညောင်ဦး၊ ချောက်၊ မင်းဘူး	-	၄၁ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၂၄-၄-၂၀၀၉

ကော့သောင်း	-	၁ ဒသမ ၀၂ လက်မ
ထားဝယ်	-	သုည ဒသမ ၇၅ လက်မ
မချမ်းဘော	-	သုည ဒသမ ၇၁ လက်မ

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှီးနှောဖလှယ်ပွဲများကရရှိလာသော အတွေ့အကြုံဗဟုသုတများ၊ သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချ သို့မှသာ ကျောင်းတိုင်းကောင်းပြီး ဆရာတိုင်းတော်သည့် နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်သို့ ရောက်ရှိနိုင်မည်

❒ ရွှေဖုံးမှ

ဖွံ့ဖြိုးတိုးတက်လာသည့် လူ့စွမ်းအားအရင်းအမြစ်များဖြင့် ခေတ်မီပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းရလဒ်များ၏ စွမ်းအားကောင်းများသည် နိုင်ငံတော်၏ မျှော်မှန်းချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ပထမနှစ်တို ငါးနှစ်စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် သူငယ်တန်း ကျောင်းဝင်ရောက်မှုနှုန်း ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ယခု ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ၉၈ ဒသမ ၁၃ ရာခိုင်နှုန်းအထိ ထပ်မံတိုးတက်လာခြင်းကြောင့် ယနေ့ခေတ် ပညာရေးမြင်ကွင်းသည် သိသိသာသာ ပြောင်းလဲတိုးတက် မြင့်မားလာနေသည်ဟုဆိုရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေခံပညာရေးကဏ္ဍတွင် ပညာသင်နှစ်များအလိုက် နှစ်စဉ်သူငယ်တန်းကျောင်းဝင်နှုန်းများက စတင်ပြီး တိုးတက်ဖွံ့ဖြိုးလာသည့် အရှိန်အဟုန်ကို ထိန်းသိမ်းနိုင်ရေးအတွက် ကလေးသူငယ်များ ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းလျော့နည်းကျဆင်းရေး၊ အဆင့်ကူးပြောင်း သင်ယူမှုနှုန်း မြင့်မားရေးလုပ်ငန်းများကို ပညာရေး စီမံခန့်ခွဲမှုအဆင့်များအပေါ် မူတည်ပြီး ဆက်လက်အလေးထား ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် အမျိုးသားပညာရည်မြင့်မားရေးအတွက် နှစ်စဉ်စီမံကိန်းလုပ်ငန်းများဒေသအလိုက် ပြည့်စုံအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတွင် လိုအပ်သည့် ကျောင်းအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းတာဝန်များ၊ သင်ကြားရေးဆိုင်ရာ နည်းပညာရပ်များ၊ ဘာသာရပ်ဆိုင်ရာစီမံခန့်ခွဲမှု အတတ်ပညာများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဖြည့်ဆည်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးကဏ္ဍ မြင့်မားတိုးတက်ရေးအတွက် **“ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ထောက်ကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုရေး၊ စည်းကမ်း၊ ဥပဒေများ လေးစားလိုက်နာရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေးတို့ကို အထူးအာရုံစိုက် သင်ကြားအကောင်အထည်ဖော်သွားရန်”** လမ်းညွှန်မှာကြားထားရှိကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန၂၀၀၉ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အဆိုပါ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် ပညာရေးဆိုင်ရာ ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများနှင့် အနီးကပ်ဆုံး တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသူများဖြစ်၍ အမျိုးသားပညာရည်မြင့်မားရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး အခန်းကဏ္ဍများတွင် ပါဝင်ထမ်းဆောင်နေရသူများ ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းပြည်၏ အနာဂတ်ကို မြှင့်တင်နိုင်မည့် နိုင်ငံကြီးသားပီသပြီး ဂုဏ်သိက္ခာရှိသည့် ပညာတတ်များကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးအတွက် အဆင့်မြင့်ပညာရပ်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာရပ်ဆိုင်ရာ ကျောင်းများ၏ လုပ်ငန်းစဉ်များ၊ တာဝန်များကို အကောင်အထည်ဖော်ရမည့်သူများလည်းဖြစ်ကြောင်း။

တက္ကသိုလ်များ၊ ကျောင်းများ၏ အနှစ်သာရဖြစ်သည့် အရည်အသွေးဆိုင်ရာ သင်ကြားသင်ယူမှု မြင့်မားစေရေးအတွက် ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများက ကျွမ်းကျင်ပိုင်နိုင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ သင်ယူမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်မြင့်မားလာစေရေးအတွက် ကျောင်းများ၏ အသွင်သဏ္ဌာန်ဆိုင်ရာ ကျောင်းလုပ်ငန်း စွမ်းဆောင်ချက်များကိုလည်း နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၏ လက်တွဲကူညီမှုများဖြင့် ဆောင်ရွက်သွားရကြမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နှီးနှောဖလှယ်ပွဲများက ရရှိလာသည့် ပညာရေးဆိုင်ရာ အတွေ့အကြုံဗဟုသုတများ၊ တင်သွင်းသည့်စာတမ်းများမှ ပညာရည် အရည်အသွေး မြင့်မားရေးဆိုင်ရာ နည်းစနစ်များ၊ တီထွင်ဆန်းသစ်မှုများ၊ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်ခန်းစာများကို လက်တွေ့သင်ကြားရေးနှင့် ကျောင်းအုပ်ချုပ်မှု စီမံခန့်ခွဲရေးလုပ်ငန်း နယ်ပယ်များတွင် ထိရောက်စွာပြန်လည်အသုံးချသွားရန် လိုအပ်ကြောင်း၊ သို့မှသာ ကျောင်းတိုင်းကောင်းပြီး ဆရာတိုင်းတော်သည့် နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်းကို အလေးအနက်မှာကြားလိုကြောင်း။

ထို့အပြင် အထူးဖွံ့ဖြိုးရေးဒေသကြီးများအလိုက် တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် အလယ်အလတ်နည်းပညာရှင်အဆင့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှအပ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၂)ခုတွင်ရှိသော သင့်တော်သည့် အခြေခံပညာအထက်တန်းကျောင်းများ၌ နည်းပညာဘာသာရပ် အောင်မြင်စွာ တိုးချဲ့သင်ကြားပြသနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများက ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအတွက် နိုင်ငံတော်အပိုင်းက လိုအပ်သည်များဖြည့်ဆည်းပေးထားပြီးဖြစ်ခြင်းကြောင့် သင်ကြားရေး အစီအစဉ်များ ထိရောက်အောင်မြင်ရေးနှင့် စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားနိုင်ရေးအတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို ပြောကြားလိုကြောင်း။

ယခုကျင်းပမည့် နှီးနှောဖလှယ်ပွဲတွင် အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် အာဆီယံ တက္ကသိုလ်များ ကွန်ရက်ဆိုင်ရာ ပညာရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်း၊ မဟာဘွဲ့သင်တန်းများတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန၂၀၀၉ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြသထားသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၂၅-၅-၂၀၀၉ (စနေနေ့)

ရေနှင့်အစားအစာများ သတိပြုစားသုံး ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ရာ တစ်ကိုယ်ရေကျန်းမာမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အစဉ်ဂရုပြု၍ ရောဂါဘယကင်းရှင်းစေရေး စနစ်တကျ နေထိုင်စားသောက်ကြရမည်ဖြစ်သည်။

နွေအကုန် မိုးအကူး ရာသီဥတုသည် အပူ၊ အအေး မမှန်ကန်သောကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သဖြင့် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များနှင့်အညီ လိုက်နာကျင့်သုံး နေထိုင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအသောက်များ စားသောက်မှုမပြုမိစေရန် ဆင်ခြင်ကြရမည်ဖြစ်သည်။

သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီး စသည့် အသီးအနှံများ ပေါများ လာချိန်ဖြစ်ရာ အမှည့်လွန်အသီးများ အလွန်အကျွံစားသုံးခြင်း၊ ယင်နားစာများ၊ မသန့်ရှင်းသော အစားအစာများ စားသုံးမိခြင်းတို့ကြောင့် ဝမ်းပျက် ဝမ်းလျှောခြင်းများ ဖြစ်ပွားတတ်သည်။

ထို့အပြင် မသန့်ရှင်းသော သောက်သုံးရေများသည်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားစေနိုင်သည်။ မိုးရွာသောအခါတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း၊ သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့် နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက် နိမ့်သောနေရာတွင်ရှိခြင်းတို့ကြောင့် သောက်သုံးရေများအတွင်း ရောဂါပိုးများ ရောက်ရှိနိုင်သဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

သောက်ရေ၊ သုံးရေ မှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်း ဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးကြရမည်ဖြစ်သည်။ တစ်ကိုယ်ရေ သန့်ရှင်းရေးအလေးထားပြီး အစာမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်စလုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ မိမိတို့ နေအိမ်ပတ်ဝန်းကျင် ရေအိုင်၊ ရေဗွက်များ၊ ရေမြောင်းပိတ်ခြင်းများ မရှိစေရန် သန့်ရှင်းခြင်း၊ ယင်လုံအိမ်သာများ အသုံးပြုခြင်းတို့ကို ဂရုတစိုက် လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ရာသီဥတု ပြောင်းလဲချိန်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ အပါအဝင် ဝမ်းနှင့်ပတ်သက်သော ရောဂါများ ဖြစ်ပွားတတ်သည်ဖြစ်ရာ ပြည်သူများအားလုံးက ကျန်းမာရေးဆိုင်ရာ သတိပေး နှိုးဆော်ချက်များနှင့်အညီ စနစ်တကျ စားသောက်နေထိုင် လိုက်နာကြခြင်းဖြင့် ကူးစက်ရောဂါ ဖြစ်ပွားမှုများမှ ကြိုတင်ကာကွယ်နိုင်ကြမည် ဖြစ်ပါသည်။ ။

အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်သော အရည်အချင်းပြည့်ဝသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို ပြုစုပျိုးထောင်နိုင်သော ဆရာ၊ ဆရာမများအဖြစ် ဂုဏ်ယူ။

☆ စာမျက်နှာ ၂ မှ

သုတေသနစာတမ်းများ ထည့်သွင်းခြင်းဖြင့် ပညာအရည်အသွေး ပိုမိုမြင့်မားအောင် ဆောင်ရွက်ခြင်း၊ အဝေးသင်တက္ကသိုလ်များ၏ ပညာအရည်အသွေး ပိုမိုမြင့်မားရေးအတွက် ဆောင်ရွက်ခြင်း၊ အာဆီယံအဖွဲ့ဝင်တက္ကသိုလ်များတွင် အသုံးပြုနေသည့် အရည်အသွေးစိစစ်မှုစနစ်များကို သုံးသပ်ခြင်း၊ တက္ကသိုလ်များတွင် နိုင်ငံ့အကျိုးပြု အသုံးချသုတေသနလုပ်ငန်းများ အရှိန်အဟုန်မြင့်ဆောင်ရွက်ခြင်း အစရှိသည့် စာတမ်းများကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက တင်သွင်းဆွေးနွေးသွားကြမည်ဖြစ်ခြင်းကြောင့် အဆင့်မြင့်ပညာကဏ္ဍအတွက် အကျိုးရှိစေမည့် စာတမ်းများဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

အခြေခံပညာကဏ္ဍ၌ တင်သွင်းမည့် စာတမ်းများတွင်လည်း အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်မြင့်မားရေး သင်ကြားပို့ချခြင်း၊ အခြေခံပညာ အထက်တန်းအဆင့်၌ စက်မှုဘာသာရပ် တိုးချဲ့သင်ကြားခြင်း၊ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် သင်ကြားခြင်း၊ အခြေခံပညာကျောင်းများ၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်ခြင်းတို့ဖြစ်ကြကြောင်း၊ အဆိုပါစာတမ်းများသည် ပညာရေးကဏ္ဍ အသီးသီးအတွက် အမှန်တကယ်လိုအပ်ပြီး လက်တွေ့အသုံးပြုဖော်ဆောင်နိုင်သည့် ပညာရည်မြင့်မားရေး အစီအမံများကို အထောက်အကူပြုမည့် စာတမ်းများဖြစ်၍ အမျိုးသား ပညာရည်မြင့်မားရေးကို များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

ဆရာ၊ ဆရာမများအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာပြီးဖြစ်သည့် ဂုဏ်သိက္ခာရှိသော ပညာတတ်များဖြစ်သည်နှင့်အညီ မိမိတို့၏ ကျောင်းသား၊ ကျောင်းသူ တပည့်များကိုလည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရင့်သန်ခိုင်မာလာစေရေးအတွက် သင်ကြားပြသပေးရန် တိုက်တွန်းလိုကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများ၏တာဝန်သည် မိမိတို့၏တပည့်များကို ကျောင်းသင်ခန်းစာများ သင်ကြားပြသရုံသာမက အသိဉာဏ်ပညာဖြင့် ဆက်စပ်အသုံးချနိုင်ရေး၊ ထိုးထွင်းကြံဆတီထွင်ဖန်တီးနိုင်ရေး၊ အနာဂတ်စိန်ခေါ်မှုများကို မြော်မြင်သုံးသပ်နိုင်ရေး စသည့် စဉ်းစားတွေးခေါ်မှုကို ဖွံ့ဖြိုးစေသော အလေ့အကျင့်ကောင်းများ ရရှိစေရေးတို့ကို သင်ကြားပြသသွားရန် လိုအပ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်၏အနာဂတ်ကို စေတနာပါသည့် လက်တွေ့ကျသော အမှန်တရားအပေါ်အခြေခံပြီး အသိဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်နိုင်ရေးတို့ကိုပါ သင်ကြားပို့ချသွားရန် လိုအပ်ကြောင်းကို မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးထားသည့် ပညာအရည်အသွေး တိုးတက်မြင့်မားရေးဆိုင်ရာ လမ်းညွှန်ချက်များကို နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။
- ဤနှီးနှောဖလှယ်ပွဲကြီးကတစ်ဆင့် မြန်မာနိုင်ငံ၏ (၂၁)ရာစု ပညာရေးသမိုင်းကို တိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်သည့် ဂုဏ်သိက္ခာရှိသော အသိပညာရှင်များ၊ အတတ်ပညာရှင်များအဖြစ် မော်ကွန်းထိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရင့်သန်သော အရည်အချင်းပြည့်ဝသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို ပြုစုပျိုးထောင်နိုင်သော ဆရာ၊ ဆရာမများအဖြစ် ဂုဏ်ယူနိုင်ကြပါစေ

ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ရွှေရတုခန်းမအတွင်း ခင်းကျင်းပြသထားသည့် အခြေခံပညာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ အဆင့်မြင့်ပညာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ပညာရေးဖွံ့ဖြိုးမှုပြခန်းနှင့် မန္တလေးတက္ကသိုလ် ရူပဗေဒဌာန Electronic Lab က စမ်းသပ်ထုတ်လုပ်ထားသော ဇီဝဓာတ်အိုးသုံး၍ LED မီးသီး ၅၇၆ လုံးကို Multiplex Method ဖြင့် မီးထွန်းခြင်း၊ စွန့်ပစ်ပစ္စည်းဖြင့် ပြုလုပ်ထားသော ဇီဝဓာတ်အိုးဖြင့် စားပွဲတင်စာကြည့်မီးသုံးခြင်းနှင့် ရေဒီယို ဖွင့်လှစ်အသုံးပြုခြင်း ပြကွက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၉ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ၏ အခြေခံပညာကဏ္ဍ နှီးနှောဖလှယ်ပွဲကို မေ ၂၂ ရက်မှ ယနေ့အထိ ကျင်းပပြီး အဆင့်မြင့်ပညာကဏ္ဍ နှီးနှောဖလှယ်ပွဲကို ယနေ့မှ မေ ၂၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီး ဌာန ဝန်ကြီး Mr.Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် လူကုန်ကူးမှုပြဿနာသည် ရှုပ်ထွေးသည့်ပြဿနာတစ်ရပ်ဖြစ်၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ COMMIT MoU အရ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ လူကုန်ကူးမှုစွမ်းဆောင်ချက်များနှင့် အောင်မြင်မှုများကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများကို တိုက်ဖျက်သွားရန် သန္နိဋ္ဌာန်ချထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai က ပြန်လည်ဆွေးနွေးပြောကြားရာတွင် နားလည်မှုစာချွန်လွှာအရ လုပ်ငန်းစီမံချက်ကို မကြာမီ ရေးဆွဲပြဋ္ဌာန်းပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်းနှင့် အစိုးရဌာနများ၊ NGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူကုန်ကူးမှုပြဿနာကို ပူးပေါင်းလက်တွဲတိုက်ဖျက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာကို ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဝန်ကြီး Mr. Issara Somchai တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဝန်ကြီး Mr. Issara Somchai နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာတွင် လူကုန်ကူးမှု ပုံစံအမျိုးမျိုးတို့ကို ပူးပေါင်းတိုက်ဖျက်သည့် လုပ်ငန်းကဏ္ဍများ၊ ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ တားဆီးနှိမ်နင်းရေးအဖွဲ့များ၊ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးတွဲလုပ်ငန်းအဖွဲ့ ထူထောင်၍ အကောင်အထည်ဖော်ရေး ကိစ္စရပ်များ ပါဝင်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၉ (စနေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်
ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅ MRTV-4 နံနက်ခင်းသတင်း
၆း၀၀ “အေးချမ်းသာယာဖွံ့ဖြိုးကြပါစေ”တရားတော်
(ထူးကြီးဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ)
၆း၅၀ ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၇း၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၁၅)
၇း၃၀ TOM & JERRY
၈း၀၀ MRTV-4 နံနက်ခင်းသတင်း
၈း၄၅ လေလှိုင်းကြားမှဖြေကြား ပရိသတ်များအမေးစကား
၉း၁၀ **“ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်”**
(လွင်မိုး၊အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်)
(ဒါရိုက်တာ-စိုးကျော်ဆန်း)
၉း၃၀ လှပချစ်စရာအိမ်တွင်းမှုပညာ
(အပူခံလက်ခုပြုလုပ်နည်း)
၉း၅၅ စက္ကူထုပ်ပိုးပြည်အကျိုး နိုင်ငံတော်မှာဝင်ငွေတိုး
၁၀း၂၀ သွားမယ်စားမယ် (Sanday's Myanmar Cuisine)
၁၀း၄၅ Orchard Families (အပိုင်း-၁)
၁၁း၁၀ သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၁း၃၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ(အီကလဲယားမုန့်လုပ်နည်း)
၁၁း၅၅ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁၂း၂၀ တေးဂီတအစီအစဉ်
၁၂း၄၀ မေတ္တာရိပ်ဖြာပန်းဝက်ပါ
၁း၀၀ “အေးချမ်းသာယာဖွံ့ဖြိုးကြပါစေ”တရားတော်
(ထူးကြီးဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ)
၁း၅၀ ဒို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
၂း၀၅ Fashion Music Festival
၂း၃၅ “တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ”
(စိတ်အပန်းဖြေစရာ အလှငါးမွေးကမ္ဘာ)
၂း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၃း၁၅ ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ စပါးခင်းများ
အောင်မြင်ဖြစ်ထွန်းစေသည့် ချစ်သူလျှပ်စစ်မြစ်ရေတင်လုပ်ငန်း
၃း၃၀ The Game Guide (Harry Potter)
၄း၀၀ သဘာဝကပေးသောလက်ဆောင်များ
၄း၁၀ ရွှေးချယ်အစုံစုံရင်သွေးရိပ်မြုံ
(စံပြရင်သွေးအိမ်မှုကြို)
၄း၃၀ တေးဂီတအစီအစဉ်
၄း၅၀ Myanmar Masters 2009
[ဂေါက်သီးရိုက်ပြိုင်ပွဲ](အပိုင်း-၂)
၅း၀၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၅း၂၅ Activities In The City
(acer showroom ဖွင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား)
၅း၄၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (House Of Celebrity)
၆း၀၀ MRTV-4 ညနေခင်းသတင်း
၆း၁၅ Fashion Music Festival
၆း၅၀ Science Tech Today မုန်တိုင်းများ(အပိုင်း-၁)
၇း၂၅ သွားမယ်စားမယ် (Sanday's Myanmar Cuisine)
၇း၄၅ လေလှိုင်းကြားမှဖြေကြား ပရိသတ်များအမေးစကား
၈း၀၀ MRTV-4 သတင်း
၈း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၉း၀၀ The Games Guide (Harry Potter)
၉း၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၅)
၁၀း၀၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁၀း၂၅ ဒို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
၁၀း၄၀ လှပချစ်စရာအိမ်တွင်းမှုပညာ (အပူခံလက်ခုပြုလုပ်နည်း)
၁၁း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီ အင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၄)ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	`Hull City - Liverpool	ESPN (Live)
	West Ham - Chelsea	Star Sport(Live)
၁၀း၅၅	Man Utd - Tottenham	Star Sport(Live)
၁၁း၀၀	Everton - Man City	ESPN (SDD)

အပြန်အလှန်လဲလှယ်

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai တို့ မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြစဉ်။ (သတင်းစဉ်)

စာရင်းစစ်ချုပ်ရုံး ပြည်နယ်/တိုင်းညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မေ ၂၄

စာရင်းစစ်ချုပ်ရုံး ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော် ရုံးချုပ်/ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြားရာ၌ စစ်ဆေးရေးတာဝန်ရှိသူများသည် မသမာမှုနှင့်ပေါ့လျော့မှု မဖြစ်စေရေးအတွက် သမာသမတ်ကျစွာ အဂတိကင်းကင်းရှင်းရှင်းဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စစ်ဆေးဖော်ထုတ်မှုများအရ နိုင်ငံတော်၏ နစ်နာဆုံးရှုံးမှုများကို ဌာနစာရင်းသို့ ငွေပေးသွင်းစေခြင်း၊ မရိုးသားမှုများကို အရေးယူ ဆောင်ရွက်စေခြင်းအပြင် ငွေလုံးငွေရင်း ရန်ပုံငွေများကိုသုံးစွဲရာတွင် နည်းလမ်းမကျနမှု၊ စည်းမျဉ်းစည်းကမ်းနှင့် မညီညွတ်မှုတို့ကို အဓိကထားစစ်ဆေးဖော်ထုတ်ပြီး စနစ်တကျ ပြန်လည်အပ်နှံရေးအတွက် စစ်ဆေးတင်ပြကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်နယ်/တိုင်း ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် စာရင်းစစ်ချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းမှတ်စု

ပျောက်ဆုံးနေသော ရုရှားရဟတ်ယာဉ် ရှာဖွေတွေ့ရှိ

ရုရှားနိုင်ငံ တွမ်မက်ဒေသတွင် လေယာဉ်အမှုထမ်းနှစ်ဦး၊ ခရီးသည်ငါးဦးနှင့်အတူ အမ်အိုင်-၂ ရဟတ်ယာဉ်သည် စောစောပိုင်းက ပျောက်ဆုံးနေသည်ဟု ဖော်ပြခဲ့ပြီးနောက် လေယာဉ်ပေါ်လိုက်ပါလာသူအားလုံး ဘေးအန္တရာယ်ကင်းစွာဖြင့် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းဌာနများက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အဆိုပါရဟတ်ယာဉ်အား ကောပါရှိုဗိုကျေးရွာမှ ကီလိုမီတာ ၂၄၀ ခန့်အကွာ၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းရဟတ်ယာဉ်သည် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁ မိနစ်က စထရေ့ဟီဗိုင်မြို့အနီး ပျံတက်ပြီးနောက် ၁၁ မိနစ်အကြာတွင် ရေဒီယိုအဆက်အသွယ် ပြတ်တောက်ခဲ့ခြင်း ဖြစ်သည်။

ဂျီအမ်ကားကုမ္ပဏီစက်ရုံများ ရက်သတ္တကိုးပတ်ကြာ ပိတ်မည်

အမေရိကန်နိုင်ငံရှိ ဂျင်နရယ်မော်တော်ကားကုမ္ပဏီသည် ယခုနွေရာသီတွင် ရက်သတ္တ ကိုးပတ်ကြာ စက်ရုံများပိတ်ထားမည်ဖြစ်ပြီး ယခုနှစ်ထုတ်လုပ်သော ကားစီးရေ ၁၇၀၀၀၀ ခန့်ကို လျှော့ချမည့်အစီအစဉ်အား ဂျီအမ်ကုမ္ပဏီက သောကြာနေ့တွင် ကြေညာရန် မျှော်မှန်းထားကြောင်း ဒက်ထရွိုက်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်မော်တော်ကားများ ရောင်းချရမှုမှာ ပထမသုံးလပတ်တွင် ၃၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဧပြီလတွင်ပို၍လျော့ကျခဲ့သည်။ အကြီးဆုံး အမေရိကန် မော်တော်ကားကုမ္ပဏီက ငွေကြေးတောင့်တင်းရေးအတွက် မော်တော်ကားထုတ်လုပ်မှုကို လျှော့ချရမည်ဖြစ်သည်။

တူရကီရဲတပ်ဖွဲ့က စစ်သွေးကြွ ၁၉ ဦးအား ဖမ်းဆီးရမိ

တူရကီရဲတပ်ဖွဲ့က သံသယရှိသော အယ်လ်ခိုင်ဒါ စစ်သွေး ကြွများအား နှိမ်နင်းရာတွင် စစ်သွေးကြွ ၁၉ ဦးကို ဧပြီ ၂၁ ရက်က ဖမ်းဆီးရမိကြောင်း၊ အဆိုပါစစ်ဆင်ရေးကို တူရကီနိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ပြည်နယ်ငါးခု၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သံသယရှိသော အယ်လ်ခိုင်ဒါတို့၏ အိမ်များမှ သေနတ်များနှင့် ကွန်ပျူတာများကိုလည်း ရဲတပ်ဖွဲ့က သိမ်းဆည်းရမိကြောင်း အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။

အီဂျစ်နှင့်ဆိုမာလီသမ္မတတို့ ပင်လယ်ဓားပြများ နှိမ်နင်းရန်သဘောတူ

ဆိုမာလီကမ်းလွန်ရေပြင်တွင် စိုးရိမ်ကြောက်ရွံ့နေရသော ပင်လယ်ဓားပြများအား နှိမ်နင်းရန် အီဂျစ်သမ္မတ ဟော့စ်နီမူဘာရက်နှင့် ဆိုမာလီသမ္မတ ရှိတ်ရှာရှရစ်ဖ်တို့ ဧပြီ ၂၂ ရက်က သဘောတူကြောင်း ပြည်တွင်း နိုင်းရုပ်သံက ဖော်ပြသည်။

ဆိုမာလီနိုင်ငံ ပြန်လည်ပေါင်းစည်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ အပါအဝင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ ဟီလီယိုပလစ်ဒေသရှိ သမ္မတအိမ်တော်၌ ခေါင်းဆောင်နှစ်ဦးတို့ တွေ့ဆုံဆွေးနွေးကာ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အီဂျစ်သမ္မတ ဟော့စ်နီမူဘာရက်နှင့် ဆိုမာလီသမ္မတ ရှိတ်ရှာရှရစ်ဖ်တို့ ဆွေးနွေးနေကြသည်ကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။

နိုင်ဂျီးရီးယား၌ လေပြင်းမုန်တိုင်းတိုက်၊ လူ ၁၅၀၀၀ ရွှေ့ပြောင်းရ

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ဘက် ခရော့ရီဗာပြည်နယ်တွင် လူပေါင်း ၁၅၀၀၀ ခန့်သည် ဧပြီ ၁၇ ရက်က လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း နိုင်ဂျီးရီးယားအမျိုးသား အရေးပေါ်စီမံရေးအဖွဲ့ (အင်န်အီးအမ်အေ)က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အိုဂိုဂျာနှင့်ယာလာဒေသတို့ရှိ အိမ်ခြေ ၁၂၀၀ ခန့် ပျက်စီးခဲ့ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၀၉ ခုနှစ်၌ သဘာဝဘေးအန္တရာယ် ပထမဆုံးဆိုးရွားစွာ ကြုံတွေ့ရကြောင်း ၎င်းအဖွဲ့က ထည့်သွင်းပြောကြားသည်။

အီဂျစ်၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၅ ဦးထိ ဖြစ်လာ

အီဂျစ်နိုင်ငံတွင် ဧပြီ ၂၂ ရက်က H_5N_1 ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးကြောင့် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း၊ အီဂျစ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၅ ဦးထိဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ဟာဒီရာဆာလတ်ရာဂျာ့သည် ကိုင်ရိုမြို့ရှိ အယ်မူရာရပ်ကွက်မှ ဖြစ်ပြီး ယခုလစောစောပိုင်းက ဆေးရုံသို့ တင်ပို့ကုသသော်လည်း ဧပြီ ၂၂ ရက်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

စုစည်းတင်ပြသူ-စိုးစိုးနိုင်

ဂျာမနီနိုင်ငံ ဟင်အိုဗာမြို့ စက်မှုလက်မှုပြပွဲ၌ ပြသထားသော လျှပ်စစ်ကားတစ်စီးအား ပြပွဲလာရောက်သူများ စိတ်ဝင်တစား ကြည့်ရှုနေသည်ကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်တောင်ပိုင်းတွင်တွေ့ရှိသော လေယာဉ်ပစ်အမြောက်ကို နိုင်ငံစုံတပ်ဖွဲ့ ဖျက်ဆီး

ကဘူး ဧပြီ ၂၄

အာဖဂန်တောင်ပိုင်းတွင် နိုင်ငံစုံတပ်ဖွဲ့က လေယာဉ်ပစ်အမြောက်တစ်လက်ကို ဧပြီ ၂၁ ရက်၌ ဖျက်ဆီးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

စစ်သွေးကြွများအနေဖြင့် အမေရိကန်နှင့် နိုင်ငံစုံတပ်ဖွဲ့ပိုင် ရဟတ်ယာဉ်များကို ပစ်ချနိုင်သော လက်နက်ကြီးများ ပိုင်ဆိုင်ထားသည်ဟူသော သတင်းရရှိပြီးနောက် အမေရိကန်စစ်ဘက်က သတိပေးချက်များထုတ်ပြန်ကာ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း စီအန်အန်သတင်းဌာနက ထုတ်လွှင့်သည်။

စစ်သွေးကြွများတွင် ဇက်ပီယူ-၁ အမျိုးအစား လေယာဉ်ပစ်အမြောက် ရှိနေပြီး ယင်းကို ကုန်တင်ယာဉ်တစ်စီး၏ အနောက်ခန်းတွင် တပ်ဆင်ထားကြောင်း အာဖဂန်နစ္စတန်ရှိ ဟဲလ်မန့်ပြည်နယ်တောင်ပိုင်းမှကျေးရွာသားများက တပ်ဖွဲ့ဝင်များထံ သတင်းပေးပို့ခဲ့သည်ဟု နေတိုးအဖွဲ့က ပြောကြားသည်။

တပ်ဖွဲ့ဝင်များသည် အဆိုပါအမြောက်ကို ရှာဖွေတွေ့ရှိပြီးနောက် တပ်လှန့်ထားခဲ့ကြောင်း၊ ယင်းဒေသတွင် လေကြောင်းစစ်ဆင်ရေး ဆင်နွှဲချိန်အတွင်း စစ်သွေးကြွများက နိုင်ငံစုံတပ်ဖွဲ့၏ ရဟတ်ယာဉ်များကို ပစ်ချရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း စီအန်အန် သတင်းဌာနက ထုတ်လွှင့်သည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အာဆမ်အစည်းအဝေးသို့ ရုရှားတက်ရောက်ရေး ကမ္ဘောဒီးယား ထောက်ခံ

ဖနောင်ပင် ဧပြီ ၂၄

မကြာမီကျင်းပမည့် အာရှ-ဥရောပဆွေးနွေးပွဲ (အာဆမ်)သို့ ရုရှားနိုင်ငံ တက်ရောက်နိုင်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံမှ ကြိုးပမ်းသွားမည်ဟု ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဟော်နန်းဟုန်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ဗာလီဒီဝိုင်ထရက်ချင်ကိုတို့ တွေ့ဆုံဆွေးနွေးပွဲအပြီး ယင်းဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ကွေကောင်က မှတ်ချက်ချခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်များစွာအတွင်းက ကမ္ဘောဒီးယားနှင့်ရုရှားနိုင်ငံတို့သည် အခြေခံနှစ်နိုင်ငံဆက်ဆံရေးကို ထူထောင်ခဲ့ပြီး အနာဂတ်ကာလ နိုင်ငံတကာရေးရာကိစ္စတွင် တစ်နိုင်ငံကိုတစ်နိုင်ငံက ထောက်ခံသွားမည်ဟု ကွေကောင်က အလေးအနက်ထား ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးတွင် လမ်းဘေးထောင်ဗုံး ထိမှန်၍ ပျက်စီးသွားသော ယာဉ်တစ်စီးအား သယ်ဆောင်သွားသည်ကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အီရတ်တွင် ဗုံးနှစ်လုံးကွဲ၊ ၇၅ ဦးသေ သူပုန်ခေါင်းဆောင်တစ်ဦး ဖမ်းမိ

ဘဂ္ဂဒက် ဧပြီ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် ၎င်း၏မြောက်ဘက် ဒီယာလာပြည်နယ်တွင် ကြာသပတေးနေ့က ဗုံးများပေါက်ကွဲခြင်းကြောင့် အနည်းဆုံး ၇၅ ဦး သေဆုံးခဲ့ပြီး ၁၂၀ ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

ဆွန်နီသောင်းကျန်းသူများ၏ အဓိကသူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သူ အဘူအိုမာ အယ်လ်ဘက်ဒါဒီအား ဘဂ္ဂဒက်မြို့တွင် ဖမ်းဆီးရမိကြောင်း မြို့လုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူ ဗိုလ်ချုပ်ကာစင်အက်တာက ပြောကြားသည်။ ဘက်ဒါဒီသည် ဆွန်နီစစ်သွေးကြွ အုပ်စုများက အကာအကွယ်ပေးထားသော အီရတ်အစ္စလာမ့်စ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။

ပထမဗုံးပေါက်ကွဲမှုဖြစ်စဉ်မှာ ဘဂ္ဂဒက်မြို့ ကာရာဒါအရပ်တွင် မေတ္တာလက်ဆောင် စားဖွယ်ရာများကို လူဒါဇင်ပေါင်းများစွာက စောင့်ဆိုင်းတန်းစီနေသည့်နေရာအနီးတွင် ဖြစ်သည်။ အသေခံဗုံးခွဲသူသည် ၎င်းကိုယ်ပေါ်၌ ပတ်ထားသောဗုံးခါးပတ်ဖြင့် လုပ်ကြံမှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၂ ဦး အပါအဝင် ၂၈ ဦး သေဆုံးပြီး ၅၀ ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဒုတိယတိုက်ခိုက်မှုဖြစ်သော ဒီယာလာပြည်နယ် မူဒါဒီယာမြို့ အီရန်ခရီးသည်များ နေ့လယ်စာ သုံးဆောင်နေသော စားသောက်ဆိုင်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် ၄၇ ဦး သေဆုံးပြီး ၇၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ တာဝန်ရှိသူများထံမှ သတင်းရရှိသည်။

သေဆုံးသူငါးဦးနှင့် ဒဏ်ရာရရှိသူများမှာ အီရန်လူမျိုးများ ဖြစ်ဖွယ်ရာရှိသည်ဟု ဆိုသည်။ ဤဗုံးကွဲမှုသည် အသေခံဗုံးခွဲရေးသမားတစ်ဦး၏လက်ချက် ဟုတ်၊ မဟုတ်မှာမှု ချက်ချင်းရှင်းလင်းစွာ မသိရသေးပေ။ သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရသူ သုံးဦးမှာ အီရတ်လူမျိုးများဖြစ်သည်ဟု တာဝန်ရှိသူများက ပြောသည်။

ဘဂ္ဂဒက်မြို့ အဆောက်အအုံတစ်ခု၏ရှေ့တွင် လခြမ်းနီအဖွဲ့နှင့် အီရတ်တပ်ဖွဲ့ဝင်များက စားသောက်ဖွယ်ရာများကို ပေးဝေနေစဉ်တွင် တိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်သည်။

အင်တာနက်။

ဧပြီ ၂၃ ရက်က ၂၈ဦး သေဆုံးရသော ဘဂ္ဂဒက်မြို့ ကာရာဒါအရပ် ဗုံးပေါက်ကွဲသော နေရာတွင် ပူဆွေးသောက ရောက်နေသူ အီရတ်အမျိုးသမီးတစ်ဦးကို အဖော်ဖြစ်သူက နှစ်သိမ့်ပေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်-ပါကစ္စတန် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် သဘောတူ

ပေကျင်း ဧပြီ ၂၄

တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့က နှစ်နိုင်ငံ ပါလီမန် အချင်းချင်းဆက်ဆံရေးကို ဗုဒ္ဓဟူးနေ့တွင် ချီးကျူးထောမနာပြုလိုက်ပြီး ပါလီမန်အတွင်း ပူးပေါင်းဆောင်ရွက်ရေးကို အဆင့်မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။

တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ပါကစ္စတန်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးရာ၌ အမျိုးသားပြည်သူ့ကွန်ဂရက်(အင်န်ပီစီ)၏ ဥက္ကဋ္ဌဖြစ်သူ ဝူဆန်ဂူယိုက တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရေးကို မဟာဗျူဟာတစ်ရပ်အဖြစ်လည်းကောင်း၊ ကာလရှည်မျှော်မှန်းချက်အဖြစ်လည်းကောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးကို တိုးမြှင့်ရန်လည်းကောင်း၊ အမြဲတစေ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ တရုတ်ပြည်သူ့ကွန်ဂရက်နှင့် ပါကစ္စတန်အမျိုးသားလွှတ်တော်တို့သည် နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်မာစေရန် ဆောင်ရွက်နိုင်ခဲ့ကြသည်ဟုဆိုသည်။

အင်တာနက်။

ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr.Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၂၄

မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးရန်အတွက် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ရောက်ရှိလာသည်။

အဆိုပါ ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းနှင့်တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်ဦးက အဆိုပါ ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေနန်းတော် ဟိုတယ်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်တွင် တည်ထားကိုးကွယ်သော ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး အတွက် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာနဝန်ကြီး Mr. Issara Somchai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော် ဟိုတယ်၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

၂၆-၄-၂၀၀၉ ရက်နေ့

၂၀၀၉ ခုနှစ် မေလအတွက်

၁၀-၅-၂၀၀၉ ရက်နေ့
နှင့်
၃၁-၅-၂၀၀၉ ရက်နေ့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ကဗျာပန်းဥယျာဉ်
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ အကပြိုင်ပွဲ
- ၈း၁၅ ၇။ **"အဆုံးအဖြတ်" (ခန့်စည်သူ၊ငှက်ပျောကြော်၊ အေးမြတ်သူ၊မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၀၅ ၅။ Yan Can Cook
- ၁း၂၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူ ကျေးတောသူ"(အပိုင်း-၃၉)**
- ၂း၁၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၂း၄၅ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၃။ လှိုင်ကော်မြို့ရဲ့ ကျက်သရေဆောင် နည်းပညာ တက္ကသိုလ်ပင်မဆောင်
- ၄း၂၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၃၅ ၅။ တေးဂီတအစီအစဉ်
- ၄း၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၅ ၈။ ဂီတသံစဉ်အလှဆင်
- ၅း၂၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅း၄၀ ၁၀။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇း၀၀ ၁၄။ ပဋ္ဌလက်ကျောင်းတော်
- ၇း၁၀ ၁၅။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၇း၂၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့သက်ထား" (အပိုင်း-၇)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ကာတွန်းအစီအစဉ် "ဒိုင်နိုဆောမိသားစုစွန့်စားခန်း" (အပိုင်း-၁)
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကျေးဇူးတင်ပါတယ်" (အပိုင်း-၄)**
- ၂၂။ အစီအစဉ်ပြီး၏။

ဓနုဖြူမြို့နယ် မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ဆကာကြီးကျေးရွာ ဓာတ်အားလိုင်းဖွင့်ပွဲ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်

နေပြည်တော် ဧပြီ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ ၂၁ ရက်တွင် ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ဓနုဖြူမြို့နယ်မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ (အောက်ပုံ)

ရှေးဦးစွာ ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးက လမ်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား ဓနုဖြူမြို့ အမှတ်(၁၀)ရပ်ကွက်နေ ဦးကံမြင့်က မြို့ပတ်ကတ္တရာလမ်းဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့မှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်၊ ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် မြို့မိမြို့ဖ ဦးနိုင်ဝင်းတို့က မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးနှင့်အဖွဲ့သည် ကတ္တရာလမ်းသစ် တစ်လျှောက်ကို လှည့်လည် ကြည့်ရှုကြသည်။

အဆိုပါ ဓနုဖြူမြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၂၅၄၀၊ အကျယ် ၁၈ ပေရှိသည်။

ယင်းနောက် ဝန်ကြီးသည် ဓနုဖြူမြို့နယ် ဆကာကြီးကျေးရွာ၌ ကျင်းပသည့် ကျေးရွာ ၂၄ နာရီ မီးလင်းရေး(၁၁) ကေဗွီအေဓာတ်အားလိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဓနုဖြူမြို့နယ် ဆကာကြီး ကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က ဆကာကြီး ကျေးရွာ လျှပ်စစ်မီးလင်းရေး လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက လျှပ်စစ်မီးသွယ်တန်းမှုနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်း တင်ပြကြပြီး ဆကာကြီးကျေးရွာမှ ရပ်မိရပ်ဖ ဦးစန်းလွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဧရာဝတီတိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ငြိမ်း၊ ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် ရပ်မိရပ်ဖ ဦးစန်းလွင်တို့က ဆကာကြီးကျေးရွာ (၁၁)ကေဗွီအေ ဓာတ်အားလိုင်း ဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဆကာကြီးကျေးရွာ(၂၄) နာရီမီးလင်းရေးအတွက် သွယ်တန်းထားရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းမှ လျှပ်စစ်မီးစတင်အသုံးပြုနိုင်ရန် ဓာတ်အားခလုတ်ကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌက ဖွင့်လှစ်ပေးပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများက (၁၀၀)ကေဗွီအေ ထရန်စဖော်မာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆကာကြီး ကျေးရွာသို့ သွယ်တန်းထားသည့် (၁၁) ကေဗွီအေ ဓာတ်အားလိုင်းမှ (၂၄)နာရီ လျှပ်စစ်ဓာတ်အားလိုင်း ရရှိအသုံးပြုနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဆကာကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ဆကာကြီးကျေးရွာ ၂၄ နာရီ မီးလင်းရေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဓနုဖြူမြို့နယ် ဆကာကြီး၊ ရဲနီ၊ ချောင်းစောက်၊ ရုံးချောင်း၊ ထုံးဘို၊ ကပ်ခို၊ သဲဖြူ လက်ဆွဲချောင်း၊ ရှမ်းစု၊ ကျောင်းကုန်းကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျေးရွာအလိုက် တင်ပြချက်များကို ပြန်လည်ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးဝတ်စုံ အခြေခံစက်ချုပ်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၄

အမျိုးသမီးဝတ်စုံ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၂/၂၀၀၉)ကို မေ ၁၁ ရက်မှ စတင်၍ နှစ်လကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ သင်တန်းသူ ၂၀ သာ လက်ခံသင်ကြားမည်ဖြစ်ပြီး အောင်ဆန်းအားကစားပြိုင်ကွင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၂၅၂၅၈၉ တွင် သင်တန်းလျှောက်လွှာများကို ရယူ၍ မေ ၇ ရက်နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည် ဖြစ်သည်။

(ကြေးမုံ)

လာချင်ရင် အနီးကလေး

စောလှအောင်

ကေအင်န်ယူခေါင်းဆောင်ကြီး ဖထီးစောဘိုမြ၏သား ဗိုလ်ကြီးနေစိုးမြတို့အဖွဲ့ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူကာ ၂၀၀၉ခုနှစ် မတ်လ၃၀ရက်နေ့က KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် ပူးပေါင်းခဲ့သည့်သတင်းကို ကြားသိရသောအခါ လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိသလို တစ်ချိန်တည်းမှာပင် စိုးရိမ်မှုများလည်း ရှိခဲ့ပါသည်။

ဝမ်းသာရသည့်အကြောင်းမှာ ကျွန်တော်ကိုယ်တိုင် အဖေဗမာ၊ အမေကရင် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားလာခဲ့သည့် ကရင်သွေးတစ်ဝက်ပါသူတစ်ဦးဖြစ်ရာ ယခုကဲ့သို့ ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေးဘက်တော်သားများ အင်အားတိုးလာခြင်းကြောင့် ကရင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် အားတက်မိကာ ဝမ်းသာရခြင်းဖြစ်၏။ ကျွန်တော်၏ အမိုးသာရှိသေးလျှင် ဒုံသမိချောင်းဖျားမှ သူ၏ ဇာတိကျေးရွာကလေးသို့ နယ်မြေအေးချမ်းလျှင် တစ်ခါတစ်ခေါက် အရောက်သွားချင်လှသည်ဟု မကြာခဏ မြည်တမ်းရှာသော အမိုးတစ်ယောက် သူ့ဆန္ဒပြည့်ဝတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ ရှိရှာပေလိမ့်မည်။

စိုးရိမ်မိသည့် အကြောင်းမှာကား ငြိမ်းချမ်းရေးဟူသည့် အကောင်းတရား၊ အမြတ်တရားကို ရှာဖွေသူတိုင်းအတွက် အဖျက်ရန်က နောက်မှထက်ကြပ်မကွာ လိုက်ပါဒုက္ခပေးတတ်သောကြောင့်ဖြစ်၏။

အမှန်စင်စစ် မြန်မာနိုင်ငံတွင် ပြည်တွင်းသောင်းကျန်းမှုသမိုင်း၌ အစောဆုံးပေါ်ပေါက်ခဲ့ပြီး အကြိမ်ကြိမ်လည်း ငြိမ်းချမ်းရေးကြိုးပမ်းခွင့် ရပါလျက် ယနေ့ထက်တိုင် ရာနှုန်းပြည့် ငြိမ်းချမ်းရေးမရယူနိုင်သေးသည့် KNU အဖွဲ့၏ ငြိမ်းချမ်းရေးမရနိုင်အောင် တားဆီးနေသည့် အခက်အခဲမှာ ငြိမ်းချမ်းရေးမရယူနိုင်အောင် နောက်ကွယ်မှလိုက်၍ နှောင့်ယှက်ဖျက်ဆီး နေမှုများကြောင့်ဖြစ်၏။

ကျွန်တော် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ၁၉၉၀ ပြည့်လွန်နှစ်များတွင် KNU တပ်မဟာ(၁)နယ်မြေ သထုံ ဘီးလင်းဒေသရှိ ရွှေကြည်၊ နောင်ကတုတ် စသော နယ်မြေများတွင် တာဝန်ကျခဲ့ဖူးသည်။ ထိုစဉ်က နောင်ကတုတ်ရွာသူကြီးအဖြစ် အလှည့်ကျတာဝန်ယူနေသည့် ကရင်အမျိုးသမီး အမိုးကြီးတစ်ယောက်၏ စကားကို ယနေ့တိုင် ကြားယောင်နေမိပါသေးသည်။

အမိုးကြီးက "ဖိုးခွား၊ နင်တို့ကလည်း ငပွေးတွေ(ကေအင်န်ယူများကိုဆိုလိုသည်)ကို ပြုတ်အောင်မလုပ်နိုင်ဘူး၊ ငပွေးတွေကလည်း နင်တို့ကို နိုင်အောင်မတိုက်နိုင်ဘူး၊ ဒုက္ခရောက်တော့ ငါတို့ရွာသားတွေ ကြားထဲက ဒုက္ခရောက်ရတယ်ဟေ့။ ဒီဒုက္ခကြီးက ငါတို့တစ်သက်ပြီးနိုင်ပါဦးမလား"ဟု ဆိုသည်။

ကျွန်တော်က "အမိုးတို့ လုပ်ချင်ရင် ဒီဒုက္ခပြီးဖို့က လွယ်ပါတယ် အမိုးရာ။ ငပွေးတွေအားလုံးက အမိုးတို့ ဆွေမျိုးသားချင်းတွေပဲ။ နင်တို့ စစ်မတိုက်နဲ့တော့ ငြိမ်းချမ်းရေးလုပ်လို့သာ ပြောလိုက်။ စစ်တပ်ဆိုတာ သူပုန်ရှိလို့သာ လာနေကြတာ၊ သူပုန်မရှိရင် စစ်တိုက်စရာလည်း မလိုဘူး၊ စစ်တပ်လာစရာလည်း မရှိတော့ဘူး။ စစ်သားတွေလာမယ့်နေရာမှာ ကျောင်းဆရာတွေ၊ ကျန်းမာရေးဆရာမတွေ ရောက်လာပြီး စာသင်ပေး၊ ဆေးကုပေးနဲ့ အမိုးတို့ရွာအတွက် ပိုကောင်းလာမှာပေါ့၊ ကျွန်တော်တို့ တပ်ဆိုရင် ရှမ်းပြည်နယ်မှာ ငြိမ်းချမ်းရေးရသွားလို့၊ စစ်တိုက်စရာလည်း မရှိတော့လို့ ဒီခွင်ကိုရောက်လာတာ။ အခုဆို ရှမ်းပြည်နယ်မှာ တိုက်ပွဲတွေ မရှိတော့လို့ လူထုလည်း ဒုက္ခမရောက်တော့ဘူး"ဟု ပြောသောအခါ အမိုးက မယုံသလို ကြည့်သည်။ ယခုတော့ အမိုးတို့ဒေသမှာ ငြိမ်းချမ်းရေးရယူထားသော ဒီကေဘီအေအဖွဲ့၏ နယ်မြေဖြစ်နေပြီဖြစ်၍ ကျွန်တော်ပြောခဲ့သည့် စကားများကို အမိုးကိုယ်တွေ့နှင့်ယှဉ်ကာ ယုံကြည်လာတော့မည်ဟု ထင်ပါသည်။

သို့သော် တိုင်းရင်းသား ပြည်သူအားလုံးအတွက် လက်နက်ကိုင်တိုက်ခိုက်မှုများကို စွန့်လွှတ်၍ ငြိမ်းချမ်းရေး တည်ဆောက်လိုသော နိုင်ငံတော်အစိုးရ၏ စစ်မှန်သည့်စေတနာကို ယနေ့ထက်တိုင် မယုံကြည်နိုင်၊ မယုံကြည်ရဲသေးသောသူများလည်း ကေအင်န်ယူအဖွဲ့ထဲ၌ ရှိနေနိုင်ပါသေးသည်။

ထိုသူအများစုသည် ငြိမ်းချမ်းရေးကို မလိုချင်၍မဟုတ်၊ ငြိမ်းချမ်းရေးကို လိုချင်သူများသာဖြစ်သည်။ ၁၉၄၉ခုနှစ်က စတင်ခဲ့သည့် ကရင် တော်လှန်ရေးသည် ယခုအခါ နှစ်ပေါင်း ၆၀ပင်ပြည့်ခဲ့ပြီ။ ထိုတော်လှန်ရေးကြောင့် ကရင်လူထု ကောင်းစားရေး ဖြစ်လာခဲ့ပါသလား။ ဖြစ်မလာခဲ့ပါ။ ကျွဲနှစ်ကောင်ခတ်သည့်အကြား မြေစာပင်ဖြစ်ကာ သေသူသေ၊ ကျိုးသူကျိုး၊ ပြတ်သူပြတ်၊ လယ်ပစ်၊ ယာပစ်၊ ချောင်းပစ်ကာပြေးရ၊ လွှားရ၊ ပုန်းရ၊ လျှိုးရနှင့် ကျီးလန့်စာ စားနေရခြင်းသာ အဖတ်တင်သည်။ ထိုတော်လှန်ရေးကို လက်တွေ့အသက်ပေး ဆင်နွှဲနေခဲ့ရသော ကေအင်န်ယူ အဖွဲ့မှ လက်အောက်ငယ်သားများ၏ အခြေအနေရော မည်မျှ တိုးတက်လာခဲ့ပါသနည်း။ သေစရာရှိလျှင် ရှေ့ဆုံးက၊ ဒဏ်ရာရလာလျှင် လှည့်မကြည့်၊ ရိက္ခာမရှိ၊ လစာနတ္ထိ၊ မိမိဘာသာကြည့်၍ ဖြေရှင်းကြရသည်။ ဤသို့ဖြင့် အင်အားများ တတိတိပွန်းပဲ့ပြုတ်ထွက်သွားကာ နောက်ဆုံး၌ တစ်ဖက်နိုင်ငံဒုက္ခသည်စခန်း၌ တဲကုပ်တွင်နေ၊ ဆန်ပြုတ်ကိုစားကာ ကျပ်ကျပ်တည်းတည်းနှင့် ငုတ်တုတ်ထိုင်နေကြရသည့်ဘဝ၌ ရောက်ရှိနေလေပြီ။ ထိုသို့ ကိုယ့်ဘဝအခြေအနေ၊ လူထုအခြေအနေကို လက်တွေ့ကျကျ၊ မှန်မှန်ကန်ကန် စဉ်းစားဆင်ခြင်မိသူတိုင်းက ငြိမ်းချမ်းရေးကို လိုချင်ကြသည်။

သို့သော် နှစ်ပေါင်းများစွာ တစ်ဖက်နှင့်တစ်ဖက် လက်နက်ကိုင်တိုက်ခိုက်နေကြသည့် တပ်မတော်(အစိုးရ)ကို ယုံရပ့်မလား။ သံသယတွေ ရှိနေကြသည်။ ကေအင်န်ယူခေါင်းဆောင်များအတွင်းမှ ငြိမ်းချမ်းရေးကို မလိုလားသည့် အုပ်စုများကလည်း ထိုသံသယကို အကွက်ကောင်းအဖြစ် အသုံးချကာ သံသယမီးပွားကို မီးပုံကြီးအဖြစ် ကြီးသွားအောင် လုပ်ခဲ့ကြသည်။ "ငြိမ်းချမ်းရေးမလုပ်နဲ့၊ စစ်တပ်က အချိုသတ်ပြီးခေါ်နေတာ၊ ဟိုဘက်ရောက်သွားတာနဲ့ သံဆူးကြိုးခတ်ပြီး ဖမ်းထားမှာ၊ သတ်ပစ်မှာ" စသည်ဖြင့် ခြောက်လှန့်ထားကြသည်။ အချို့က တောကြိုအုံကြား၊ အချို့က ဒုက္ခသည်စခန်းများ၌ မျက်စိပိတ်၊ နားပိတ်ခံထားရသည့် ကေအင်န်ယူတပ်ဖွဲ့ဝင်များမှာ ထိုခေါင်းဆောင်များပြောသမျှ ဟုတ်နိုးနိုးဖြင့် စိုးရိမ်သံသယပွားကာ ငြိမ်းချမ်းရေးလိုချင်ကြပါလျက် ကြောက်ရွံ့လက်တွန့်နေကြခြင်းဖြစ်သည်။

သံသယဟူသည် ကြောက်ဖွယ်ကောင်းလှသည်။ သံသယကြောင့် ချစ်ခင်သူချင်း မခေါ်မပြောနိုင်ဖြစ်ကြသည်။ ညီရင်းအစ်ကိုချင်း ရန်ပွဲဖြစ်ကြသည်။ တိုင်းရင်းသားအချင်းချင်း မသင့်မမြတ်ဖြစ်ကြသည်။ နိုင်ငံအချင်းချင်း စစ်ဖြစ်ကြသည်။

ဗမာနှင့် ကရင်တိုင်းရင်းသားနှစ်မျိုးအကြား သံသယများမှာ ကိုလိုနီခေတ်ကပင် စတင်ခဲ့သည်။ **နယ်ချဲ့တို့က နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော ဗမာတိုင်းရင်းသားများကို နှိမ်နင်းရာတွင် ၎င်းတို့ လက်သပ်မွေးထားသော ကရင် လဲဗွီးလက်နက်ကိုင်တပ်ဖွဲ့များကို အသုံးပြုကာ အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်ခိုင်းခဲ့သည်။ ကရင်တိုင်းရင်းသားတို့အား ယင်းတို့၏ အင်ပါယာကို ကာကွယ်ပေးမည့်"သစ္စာဂဏက ခံတပ်ကြီးများ" အဖြစ် အသုံးချရန် ကြံစည်ခဲ့သည်။**

ကံမကောင်း အကြောင်းမလှ၍ ဂျပန်ခေတ်တွင် နေရာဒေသအချို့၌ဖြစ်ပွားခဲ့သော ကရင်-ဗမာ အဓိကရုဏ်းကြောင့်လည်း အေးအတူပူအမျှ အတူတကွ ကာလကြာရှည် ချစ်ခင်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသော တိုင်းရင်းသားအချင်းချင်း သံသယပွားခဲ့ကြသည်။

ဤသို့ သံသယများ ကြီးမားခဲ့သောကြောင့်လည်း လွတ်လပ်ရေးရစကာလတွင် ပြည်ထောင်စုကြီးမှ ပုန်ကန်ခွဲထွက်လိုသော အုပ်စုနှင့် ပြည်ထောင်စုကြီးအပေါ် သစ္စာရှိသောအုပ်စုဟူ၍ ကရင်တိုင်းရင်းသားများအကြား အုပ်စုကွဲကာ သံသယကြီးမားသောအုပ်စုက လက်နက်စွဲကိုင်၍ ဆူပူအုံကြွခဲ့ကြသည်။ ထိုအချိန်တွင် သစ္စာရှိသော ကရင်တိုင်းရင်းသားများမှာ တပ်မတော်တွင်လည်းကောင်း၊ မြို့ပြဌာနများတွင်လည်းကောင်း အဆင့်မြင့်ရာထူးတာဝန်များကို ထမ်းဆောင်ကာ နိုင်ငံတော်ကို အလုပ်အကျွေးပြုခဲ့ကြသည်။

ထိုစဉ်က နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရအရာရှိကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ကေအင်န်ယူခေါင်းဆောင်များ ပါဝင်သော ရှစ်ဦးကော်မတီကို ပြဿနာမကြီးထွားမီ စေ့စပ်ဖြေရှင်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ၁၉၄၉ခုနှစ်တွင် အင်းစိန်တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားနေသည့်အချိန်ကလည်း နှစ်ဖက်အပစ်အခတ်ရပ်စဲ၍ ကေအင်န်ယူခေါင်းဆောင် စောဘဦးကြီးနှင့် အစိုးရဘက်မှ တာဝန်ရှိသူများ စေ့စပ်ဆွေးနွေးကြသေးသည်။

အပစ်အခတ်ရပ်စဲရေးကာလအတွင်း နှစ်ဖက်တပ်ဖွဲ့ဝင်များ အပြန်အလှန် သွားလာလည်ပတ်ကာ စကားစမြည် ပြောဆိုခဲ့ကြသည်။ စင်စစ်၌ တစ်ဦးနှင့်တစ်ဦး လက်နက်ကြီးငယ်များဖြင့် ချိန်ရွယ်ပစ်ခတ်နေခဲ့ကြသော်လည်း မကြာသေးသည့်အချိန်က အတူတကွ သင်တန်းဆင်းခဲ့ကြသူများ၊ အတူတကွ ဖက်ဆစ် တော်လှန်ရေးတွင် အသက်ပေး၍ တိုက်ခိုက်ခဲ့ကြသည့် ရဲဘော်ရဲဘက်များ၊ စားရိပ်သာတစ်ခုတည်းတွင် အတူစားကာ ပဲဟင်းတစ်အိုးတည်း သောက်ခဲ့ကြသူများဖြစ်ကြသည်။ ကရင်ရဲဘော်၊ ဗမာရဲဘော်၊ ချင်းရဲဘော်၊ ကချင်ရဲဘော်ဟူ၍ လူမျိုးအားဖြင့် ကွဲသော်လည်း တပ်မတော်တစ်ခုတည်းတွင် စစ်ဝတ်စုံတစ်မျိုးတည်းဝတ်ဆင်၍ အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ သံသယကြောင့် လမ်းမှားလိုက်ခဲ့သည့် ခေါင်းဆောင်များ၏ ကရင်တော်လှန်ရေးဆိုသည်ကို နားယောင်ကာ သေတူရှင်ဖက် ရဲဘော်ချင်း သေနတ်ပြောင်းလှည့်ခဲ့ကြရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသော သမိုင်းကြောင်းမှ အမည်းစက်တစ်ခုပင်ဖြစ်ပေသည်။

၁၉၅၀ ပြည့်လွန်နှစ်များတွင် အာဏာရ ဖဆပလအစိုးရအဖွဲ့ကြီး ပြိုကွဲကာ နိုင်ငံရေးပရမ်းပတာဖြစ်နေခဲ့သလို တောတွင်းလက်နက်ကိုင်အဖွဲ့များအတွင်း၌လည်း လက်ယာယိမ်း၍ အနောက်မျှော်သူများ၊ လက်ဝဲယိမ်း၍ အရှေ့မျှော်သူများစသည်ဖြင့် ကွဲပြားနေခဲ့သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးလမ်းစ ကွယ်ပျောက်နေခဲ့သည်။

၁၉၆၂ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ရယူခဲ့ပြီးနောက် ၁၉၆၃ခုနှစ် ဧပြီလတွင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်၍ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများအား ပြည်တွင်း၌ ငြိမ်းချမ်းရေးအတွက် ထိုနှစ် ဇွန်လ ၁၁ရက်တွင် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ ထိုစဉ်က ဗကပ၊ အလံနီ၊ မဒညတ၊ ကေအာရ်စီစသည့် တောတွင်း လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ လာရောက် ဆွေးနွေးခဲ့ကြရာတွင် မုဆိုးကော်ကဆာစောဟန်တာသာမွှေး ခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီ (ကေအာရ်စီ) အဖွဲ့နှင့်သာ ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိခဲ့သည်။

တော်လှန်ရေးကောင်စီနှင့် ငြိမ်းချမ်းရေးရရှိခဲ့သော ကေအာရ်စီအဖွဲ့ ဥက္ကဋ္ဌ စောဟန်တာသာမွှေးသည် ၁၉၄၉ခုနှစ် ဧပြီလက အစိုးရနှင့် စစ်ပြေငြိမ်းကြောင်း သဘောတူညီချက်ကို ပယ်ဖျက်သည့် ကေအင်န်ဒီအို အဖွဲ့၏အကြောင်းကြားစာကို လက်မှတ်ရေးထိုးခဲ့သူဖြစ်သည်။ကေအင်န်ယူ အဖွဲ့အား လက်ဝဲယိမ်းဝါဒဖြင့် ကေအင်န်ယူတပ်ဦးအဖြစ် အသွင်ပြောင်းလာသည်ကို မနှစ်မြို့သောကြောင့် ကေအာရ်စီဖွဲ့စည်း၍ ခွဲထွက်လာခဲ့ခြင်းဖြစ်သည်။

ကေအာရ်စီနှင့် အတူတကွ မြေပေါ်သို့ လိုက်ပါလာသော ဗိုလ်လင်းထင်၏ ကေအင်န်ယူတပ်မဟာ(၅)မှာ စစ်ဘုရင်ဝါဒကို မစွန့်လွှတ်နိုင်သည့် ဗိုလ်လင်းထင်၏ ဥပဒေပြင်ပမှ ထင်ရာစိုင်းလုပ်ရပ်များကြောင့် တပ်မတော်နှင့် ထိပ်တိုက်ဖြစ်လာခဲ့သည်။ ပစ်ခတ်မှုတစ်ခုတွင် ဗိုလ်လင်းထင်အား အသေဖမ်းဆီးရမိခဲ့ပြီးနောက် ဗိုလ်လင်းထင်၏ ၆၃ဦးမြောက် ဇနီးဖြစ်သူ နော်လွီဇာဘင်ဆင်နှင့်အတူ ကေအင်န်ယူတပ်မဟာ(၅)မှာ တောပြန်ခိုသွားခဲ့သည်။ ဤသို့ဖြင့် ပင်ပင်ပန်းပန်း ချက်ပြုတ်ထားရသည့် ထမင်းဟင်း ပူပူနွေးနွေးကို လက်ဆေး၍စားမည်ဟန်ပြင်စဉ် ထမင်းစားပွဲ မှောက်ကျသကဲ့သို့ ခက်ခက်ခဲခဲ ဆွေးနွေးသဘောတူ ညှိနှိုင်းထားရသည့် ငြိမ်းချမ်းရေးမှာလည်း စလယ်ဝင်ဖင်မည်းခင် အိုးစားကွဲရပြန်လေသည်။ ***(ဆက်လက်ဖော်ပြပါမည်။)***

- ကရင်ရဲဘော်၊ ဗမာရဲဘော်၊ ချင်းရဲဘော်၊ ကချင်ရဲဘော်ဟူ၍ လူမျိုးအားဖြင့် ကွဲသော်လည်း တပ်မတော်တစ်ခုတည်းတွင် စစ်ဝတ်စုံတစ်မျိုးတည်းဝတ်ဆင်၍ အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်။
- သံသယကြောင့် လမ်းမှားလိုက်ခဲ့သည့် ခေါင်းဆောင်များ၏ ကရင်တော်လှန်ရေးဆိုသည်ကို နားယောင်ကာ သေတူရှင်ဖက် ရဲဘော်ချင်း သေနတ်ပြောင်း လှည့်ခဲ့ကြရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသော သမိုင်းကြောင်းမှ အမည်းစက် တစ်ခုပင်ဖြစ်။

မူးတိမ်ချောင်းကူး အုတ်ခံသစ်သားတံတားဖွင့်

ရန်ကုန် ဧပြီ ၂၄

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများမှ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု မင်းပေးကျေးရွာအနီးရှိ မူးတိမ်ချောင်းကူး တံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ ရက်က ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်အားပေးသည်။

တံတားသစ်ကို ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချို၊ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးနီထွန်းနှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(အပေါ်ပုံ) မူးတိမ်ချောင်းကူးတံတားသည် အရှည် ၁၄၅ ပေ၊ အကျယ်၁၂ ပေရှိ အုတ်ခံသစ်သားတံတားဖြစ်ပြီး ငွေကျပ် သိန်း ၂၅၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ်စည်ပင်)

အနေးယာဉ် သတ်မှတ်စည်းကမ်းချက်များစစ်ဆေး

ရန်ကုန် ဧပြီ ၂၄

ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ်များ လိုင်စင် သက်တမ်းတိုးလဲလှယ်ခြင်း ဆောင်ရွက်ရာ အနေးယာဉ်များ၏ ကိုယ်ထည် ကြံ့ခိုင်မှုနှင့် သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စစ်ဆေးကြပ်မတ် ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

ဈေးအရန်မီးသတ်သင်တန်းဖွင့်၊ ဝတ်စုံဖိုးငွေကျပ် ငါးသိန်းကျော်လှူ

ရန်ကုန် ဧပြီ ၂၄

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မြို့မဈေး အရန်မီးသတ်သင်တန်းဖွင့်ပွဲနှင့် ဝတ်စုံငွေများ ပေးအပ်လှူဒါန်းပွဲကို မတ် ၃ ရက်က ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပသည်။

ပေးအပ်

ယင်းနောက် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဈေးသူ၊ ဈေးသားများစုပေါင်းလှူဒါန်းသည့် ဝတ်စုံဖိုးငွေကျပ် ၅၅၀၀၀၀ ကို ဈေးအကျိုးဆောင် ဒေါ်ကြည်ကြည်တင်(ခ)မငယ်ကပေးအပ်ရာ ဒု-ဥက္ကဋ္ဌ(ဈေး) ဦးညွန့်မောင်က လက်ခံယူပြီး အတွင်းရေးမှူး(ဈေး) ဦးစိုးဦးက ကျေးဇူးတင်စကားပြောကြားသည်။ သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်ပြီး သင်တန်းသား ၃၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

(၁၁၅)

ကြည့်ရှုစစ်ဆေး

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဇင်းဘောင်ကျေးရွာအုပ်စု ငှက်ကလေးကွင်းကျေးရွာ သောက်ရေကန်ဖြံ့စည်းရိုးကာရံခြင်းနှင့် လက်နှိပ်တုံကင်တပ်ဆင်ခြင်းကို အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးခင်မောင်ဝင်းတို့ မတ် ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။

(၃၈၃)

ဧပြီ ၁၀ ရက်က တမူးခရိုင်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိမှု အထိမ်းအမှတ်ဆိုင်းဘုတ်ကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင် လူမှုရေးအသင်း အတွင်းရေးမှူးနှင့် မြို့နယ်ဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ကြစဉ်။

(မြို့နယ်စည်ပင်)

ဟောပြော

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ သမဝါယမခန်းမ၌ ဧပြီ ၂ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးမြင့်ဝင်း ဟောပြောစဉ်။

(၂၃၄)

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာများ

ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒေါပုံမြို့နယ် အောင်ချမ်းသာရပ်ကွက် နဝရတ်လမ်းရှိ ယာယီဆိုင်ခန်းများတွင် လူနေအိမ်များ အခိုင်အမာ ဆောက်လုပ်နေထိုင်ခြင်း၊ စက်သုံးဆီများ ရောင်းဝယ်ခြင်းတို့ကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရသည့်အပြင် စွန့်ပစ်အညစ်အကြေးများကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိပါ။

သို့ဖြစ်၍ အဆိုပါနေအိမ်များကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဒေါပုံသား

ရွှေသန့်စင်လုပ်ငန်း အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကုန်သည်လမ်း(၂၉ လမ်းနှင့်ရွှေဘုံသာလမ်းကြား)အဆောက်အအုံရှိ အခန်းနှစ်ခန်းတွင် ရွှေသန့်စင်လုပ်ငန်းကို နေ့၊ ည လုပ်ကိုင်လျက်ရှိရာ နိုက်ထရစ်အက်စစ်နှင့် အခြားဓာတုဗေဒပစ္စည်းများကို အသုံးပြု၍ မီးပြင်းတိုက်ရာမှ ထွက်ရှိသော အက်စစ်ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

အက်စစ်ညှော်နံ့ မခံနိုင်သူများ

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

သံဂဟေဆက် ဘော်ဒီထုသံ နားမခံသာ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် (ဇ)မြောက်ရပ်ကွက် ပြည်သာယာလမ်းအတွင်းအပြင် အိမ်အချို့တွင် ဆေးမှုတ်၊ သံဂဟေဆက်၊ ဘော်ဒီထုရိုက်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ရပ်ကွက်တွင်းရှိ မော်တာများ၊ မီးချောင်းများ မကြာခဏပျက်စီးရသည့်အပြင် အနံ့ဆိုးနှင့် ထုရိုက်သံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

စက္ကူထုပ်များ တင်၊ ချသံ ပတ်ဝန်းကျင်ဆူညံ

စာတည်းရှင့်-

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၉)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ မြေညီထပ်အခန်းတစ်ခန်းတွင် စက္ကူထုပ်များကို ညအချိန်မတော်၌ ကွန်တိန်နာ ကားကြီးများမှ သယ်ဆောင်ထည့်သွင်းခြင်း၊ ပြန်လည်ထုတ်ယူခြင်းများ ဆူညံစွာတင်ချ ပြုလုပ်နေမှုကြောင့် အနီးပတ်ဝန်းကျင်နေသူများ ကောင်းစွာအိပ်စက်မရကြပါ။ ထို့အပြင် စက္ကူထုပ်များ သိုလှောင်ထားမှုကြောင့် မီးဘေးအန္တရာယ်စိုးရိမ်နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

သစ်ပင်အိုနှင့်ချုံပုတ်များ ရှင်းလင်းစေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်းရပ်ကွက် စက်ရုံလမ်းရှိ နောက်ဖေးလမ်းကြား (၁၃၂ လမ်းဘက်အခြမ်း) တွင် ကိုယ်ပိုင်ပစ္စည်းမျိုးစုံတို့ကို စုပုံထားခြင်း၊ သစ်ပင်ကြီးငယ်များကို စိုက်ပျိုးထားခြင်းတို့ကြောင့် ချုံပုတ်ကြီးသဖွယ်ဖြစ်နေပြီး ညအချိန်၌ မှောင်ရိပ်ခို၍ လှုပ်ရှားမှုများ ရှိပါသည်။ ထို့အပြင် သစ်ပင်ကြီးများကြောင့်လည်း အရေးပေါ်ယာဉ်များ ဝင်ထွက်သွားလာရန် အခက်အခဲရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ သက်ကြီးပင်အိုများနှင့် ချုံပုတ်များအား မိုးမကျမီ ဖယ်ရှားခုတ်ထွင်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

အိမ်ရာရှေ့မှ ပိတ်ဆို့ကားများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာလမ်းမကြီးရှိ ရှုခင်းသာအိမ်ရာရှေ့၌ ဆီသယ်ယာဉ်ကြီးများသည် ဝင်ပေါက်များ ပိတ်ဆို့၍ ညအိပ်ရပ်နားခြင်း၊ အိမ်ခန်း၊ ဆိုင်ခန်းများရှေ့၌ ပိတ်ဆို့ခြင်း၊ ညစဉ် ဟွန်းတီးဆူညံခြင်းများကြောင့် အိမ်ရာနေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသဖြင့် အဆိုပါစည်းကမ်းမဲ့ ရပ်တန့်နေသည့် ယာဉ်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အိမ်ရာနေသူများ

သောက်ရေသန့်များ သန့်ရှင်းစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက်တွင် သောက်ရေသန့်များ ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။ အဆိုပါ သောက်ရေသန့်များ အနက် အချို့သော သောက်ရေသန့်များတွင် အမှုန်အမွှားများ ပါရှိနေပါသဖြင့် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဥက္ကလာသူ

အနံ့အသက်ဆိုးကင်းရေး ဆောင်ရွက်ပေးစေလို

စာတည်းရှင့်-

ပဲခူးမြို့ နန်းတော်ရာရပ် ဥဿာမြို့သစ်တွင် ပဲပြားနှင့် ပဲပင်ပေါက်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပဲစိမ်းရည်နှင့် စွန့်ပစ်အရည်များမှ အနံ့အသက်ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အနံ့အသက်ဆိုး ကင်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပဲခူးသူ

မိလ္လာအနံ့ဆိုး ဆောင်ရွက်ပြီးစီး

၁၃-၁၂-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မရမ်းကုန်းမြို့နယ် ၉ ရပ်ကွက် ကမ္ဘာအေးစေတီလမ်း ကားမှတ်တိုင်အနီးရှိ တိုက်အမှတ်(၈)မှ **မိလ္လာအနံ့ဆိုး ဖယ်ရှားပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ချိန်ထိုးရာတွင် ဆက်သွယ်ရေးကွန်ရက်များ ကောင်းမွန်မှုသည် အရေးပါ

ကျော်ဖုံးမှ

ရတနာပိုင်တိုင်တော်များအား စက်ခလုတ်နှိပ်၍ ရတနာပိုင်ကိုးချက်စီ အသီးသီးရိုက်တင်ပေးရာ ယန္တရားကြီးများမှ ထွက်ပေါ်လာသော အသံက အောင်စည်အောင်မောင်းသံကဲ့သို့ပင် ခြိမ့်ခြိမ့်ညံလျက် ပေါ်ထွက်လာခဲ့တော့သည်။ ပိုင်ရိုက်သံတိုင်းမှာပင် "ဤကား မြန်မာ၊ ဂုဏ်ရှိန်မညှိုး ခေတ်ကိုစိုးမိုးတော့မည့် မြန်မာ" ဟု လူတို့ကိုယ်စားဟစ်ကြွေးနေသည့်အလား ရှိတော့သည်။ ထိုစဉ်ခဏမှာပင် လေနုအေးလေးကလည်း ညင်သာစွာ တိုးဝှေ့

Taxiway နဲ့ Apron တို့ကို ကွန်ကရစ်လောင်းတဲ့ လုပ်ငန်းနဲ့ ပင်မဆောင်အတွက် ပိုင်ရိုက်တဲ့ လုပ်ငန်းတွေလည်း လုပ်နေပါတယ်။

ဦးသိန်းထွန်း
စီမံကိန်း အင်ဂျင်နီယာ
အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်
နေပြည်တော် အပြည်ပြည်ဆိုင်ရာ
လေဆိပ်တည်ဆောက်ရေးစီမံကိန်း။

တိုက်ခတ်လာပေရာ အောင်သတင်းကို ဆောင်ကြဉ်းတော့မည့် အောင်လေပြည်လေညင်းအဖြစ် ကမ္ဘာ့လူသားထုအတွင်း သတင်းဖြန့်လျက် ခရီးဆက်တော့မည့်အလား ကျီစယ်ဆော့ကစားနေတော့သည်။ နေပြည်တော်၏ ဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေမည့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကား မကြာမီပေါ်ထွန်းလာပေတော့မည်ဖြစ်ရာ လေဆိပ်ကြီး၏ စွဲမက်ဖွယ်ပုံစံငယ်အတိုင်း လှပခံ့ညားစွာ ဖြစ်တည်လာတော့မည့် အနာဂတ်မြင်ကွင်းကို ကြည်နူးပီတိအဟုန်နှင့် အာရုံပြုမြင်ယောင်ကြည့်မိတော့သည်။

လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းတွင် လေပိုင်နက်၊ ရေပိုင်နက်၊ မြေပိုင်နက်ဟူ၍ ပိုင်နက်နယ်နိမိတ်များ ရှိကြသည်။ ထိုပိုင်နက်နယ်နိမိတ်များကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံအတွက် အကျိုးရှိအောင် အသုံးချနိုင်ရန်လည်း အရေးကြီးပေသည်။ ရေပိုင်နက်အတွင်း ကမ်းလွန်ရေနံတူးဖော်ရေး၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ တူးဖော်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ လေပိုင်နက်ဖြစ်သည့် မြန်မာ့ဝေဟင်ကိုလည်း တစ်လက်မမကျန် အသုံးချနိုင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားကို လေကြောင်းကဏ္ဍမှ ဖြည့်ဆည်း ပံ့ပိုးနိုင်မည်ဖြစ်ပေသည်။ ထိုသို့ ဝေဟင်ပိုင်နက်ကို စီးပွားရေးအရ အသုံးချနိုင်ရန်အတွက် နိုင်ငံတကာလေကြောင်းလိုင်းများကို ဖြတ်သန်းနိုင်ခွင့်၊ ရပ်နားဆင်းသက်နိုင်ခွင့် စီမံပေးရပေမည်။ ရပ်နားဆင်းသက်ခြင်းပြုလုပ်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ခေတ်မီလေယာဉ်ကွင်းများ ဖောက်လုပ်စီမံပေးခြင်း၊ ဆင်းသက်ရပ်နားသည့် နိုင်ငံတကာခေတ်မီလေယာဉ်များအတွက် လောင်စာဆီများ၊ စားရေရိက္ခာများ၊ စက်ကိရိယာ အပိုပစ္စည်းများဖြည့်ဆည်းပေးခြင်း၊ စက်ကိရိယာပိုင်းဆိုင်ရာ မွမ်းမံထိန်းသိမ်းမှုများ ဆောင်ရွက်ပေးခြင်း စသည်တို့ ဆောင်ရွက်ပေးနိုင်ရပေမည်။ ဤသည်ကား နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်းများ လိုအပ်ရခြင်း၏ အခြေခံအချက် ဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ချိန်ထိုးရာတွင် ဆက်သွယ်ရေး ကွန်ရက်များ ယှက်နွယ်ကောင်းမွန်မှု ရှိမရှိဆိုသည်မှာ အရေးပါသည့် အချက်အလက်တစ်ခုပင် ဖြစ်ပေသည်။

ပို့ဆောင်ရေးကဏ္ဍသည် ခေတ်အဆက်ဆက် တွင်ကျယ်လာသကဲ့သို့ နောင်အနာဂတ်တွင်လည်း အလေးထားလုပ်ဆောင်ရမည့် ကဏ္ဍတစ်ခုဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နေပြည်တော်ကို ဗဟိုပြု၍ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ လွယ်ကူစွာ သွားလာနိုင်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရထားလမ်း၊ ကားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ထားပြီးဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့်စီးပွားရေး၊ လူမှုရေး၊ သံတမန်ရေး ဆက်သွယ်ဆက်ဆံမှု များ တိုးမြှင့်ဆောင်ရွက်လာသည်နှင့်အမျှ အပြည်ပြည်ဆိုင်ရာ လေကြောင်းဆက်သွယ်သွားလာမှု များပြားလာခဲ့ပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ နိုင်ငံတကာခရီးသည် ဝင်ထွက်သွားလာမှုများလည်း ပိုမိုများပြားလာခဲ့သည်။ ထိုသို့ဖြစ်ပေါ်လာခဲ့သော မရှိမဖြစ်လိုအပ်ချက်အရပင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်တွင်

လက်ရှိ နေပြည်တော်လေဆိပ်မှာ မည်သည့်လေယာဉ်အမျိုးအစားမဆို ဆင်းသက်နိုင်ပါတယ်။

ဦးစိန်ဝင်း
ဒုတိယအထွေထွေမန်နေဂျာ
နေပြည်တော်လေဆိပ်တာဝန်ခံ
လေကြောင်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန။

နိုင်ငံတကာအဆင့်မီ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းကို နေပြည်တော် ခရိုင် နေပြည်တော်လယ်ဝေးမြို့နယ်၏ အရှေ့ဘက် ၅ ဒသမ ၇ မိုင်အကွာ၊ အေလာမြို့၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာတွင် မူလလေဆိပ်နှင့် ဆက်စပ်လျက် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီဖြစ်သည်။

ယခုအခါ နေပြည်တော်သို့ နိုင်ငံတကာမှ အကြီးအကဲများ၊ ဧည့်သည်တော်များ ချစ်ကြည်ရေးခရီးစဉ်များ လာရောက်လျက်ရှိပြီး အဆိုပါခရီးစဉ်များတွင် လက်ရှိနေပြည်တော်လေဆိပ်ကို အသုံးပြုလျက်ရှိသည်။ လက်ရှိနေပြည်တော်လေဆိပ်ကို အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်က ၂၀၀၂ ခုနှစ် မေ ၂၃ရက်တွင် မြေကြီးလုပ်ငန်းများ စတင်ဆောင်ရွက်ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂ ရက်တွင် ပြီးစီးမှုများကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ အပ်နှံခဲ့ရာမှ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၂၀၀၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသို့ စီမံကိန်းကို ဆက်လက်တာဝန်ယူ တည်ဆောက်ရန် အပ်နှံခဲ့သည်။

စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသည် ဘိုးရင်း ၇၄၇ လေယာဉ်ကြီးများအထိ ဆင်းသက်နိုင်သော အလျား ပေ ၁၂၀၀၀၊ အကျယ်ပေ ၂၀၀ရှိ လေယာဉ်ပြေးလမ်း၊ အလျားပေ ၅၀၀၊ အကျယ်ပေ ၁၃၀ ရှိ လေယာဉ်သွားလမ်း၊ အလျားပေ ၆၀၀၊ အကျယ်ပေ ၄၀၀ရှိ လေယာဉ်ရပ်နားနေရာနှင့် လေဆိပ်အဆောက်အအုံတို့ကို တည်ဆောက်ခဲ့ရာ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် နေပြည်တော်လေဆိပ်သို့ ခရီးသည်တင်လေယာဉ်များ စတင်ဆင်းသက် အသုံးပြုနိုင်ခဲ့သည်။

သို့ရာတွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခု၏ အင်္ဂါရပ်များနှင့်ကိုက်ညီသည့် လေဆိပ်ကြီးအဖြစ် တည်ဆောက်ရန် လိုအပ်လာမှုအရ ၂၀၀၇ ခုနှစ် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ခွင့်ပြုချက်အရ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးစီမံကိန်းကိုဆောင်ရွက်ရန် အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်ကို ရွေးချယ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်းကို တာဝန်ယူတည်ဆောက်မည့် အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်သည် တိုင်းရင်းသားပိုင် ကုမ္ပဏီတစ်ခုဖြစ်ပြီး ယခုလုပ်ငန်းမတိုင်မီ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့အဆောက်အအုံကို အောင်မြင်စွာတည်ဆောက်ပေးနိုင်ခဲ့သော ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုတွင် အစဉ်အလာရှိသော ကုမ္ပဏီတစ်ခု ဖြစ်သည်။ အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်သည် ၂၀၀၈ ခုနှစ် ဇူလိုင်လမှ စတင်၍ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် ဆောက်လုပ်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး လေယာဉ်ကွင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလ၌ စတင်လုပ်ကိုင်ခဲ့သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံ၏ဒီဇိုင်းပုံစံကို စင်ကာပူနိုင်ငံမှ CPG Consultants Pte., Ltd က တာဝန်ယူရေးဆွဲပေးခြင်းဖြစ်သည်။ CPG ကုမ္ပဏီသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့အဆောက်အအုံ၏ ဒီဇိုင်းပုံစံကို ရေးဆွဲပေးခဲ့သည့်ကုမ္ပဏီဖြစ်ပြီး စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်အဆောက်အအုံနှင့် ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံတို့မှ လေဆိပ်အဆောက်အအုံများကိုလည်း ပုံစံထုတ် ဒီဇိုင်းရေးဆွဲပေးခဲ့သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲ့ ဒီဇိုင်းပုံစံဟာ ခေတ်မီသွက်လက်တဲ့ ပုံသဏ္ဌာန်ဖြစ်ပြီး ခရီးသည်တွေ အလွယ်တကူ သက်သောင့်သက်သာနဲ့ လေဆိပ်အတွင်း ချဉ်းကပ်ဝင်ရောက်သွားလာနိုင်တဲ့ ဒီဇိုင်းပုံစံမျိုး ဖြစ်ပါတယ်။

ဦးနေလင်း
စီမံကိန်းဒါရိုက်တာ
အေးရှားဝေါ(လ်)ကုမ္ပဏီလီမိတက်
နေပြည်တော်အပြည်ပြည်ဆိုင်ရာ
လေဆိပ်တည်ဆောက်ရေးစီမံကိန်း။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားသည်။ စီမံကိန်းပထမအဆင့်ပြီးစီးပါက တစ်နှစ်လျှင် ခရီးသည် ၃ဒသမ၅သန်း အသုံးပြုသွားလာနိုင်မည်ဖြစ်ပြီး စီမံကိန်း တတိယအဆင့် ပြီးစီးပါက ခရီးသည် ၁၀ ဒသမ ၅ သန်းအထိ အသုံးပြုသွားလာနိုင်မည်ဖြစ်သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်း၏ ပထမအဆင့်တွင် တစ်နှစ်လျှင် ခရီးသည် ၃ ဒသမ ၅ သန်း ဝင်ထွက်သွားလာနိုင်သော လေဆိပ်အဆောက်အအုံ၊ လေယာဉ်ရပ်နားရန်နေရာ၊ ခရီးသည်ပေါင်းကူးတံတားများ၊ လေဆိပ်ဆက်စပ်အဆောက်အအုံများနှင့် လေကြောင်းထိန်းမျှော်စင်တို့ ပါဝင်မည်ဖြစ်ရာ အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်သည် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်း ပထမအဆင့်၌ ပါဝင်သော လေဆိပ်အဆောက်အအုံ၏ ပင်မဆောင်နှင့် ချဉ်းကပ်လမ်းကို အင်ဂျင်နီယာနှင့် အုပ်ချုပ်စီမံဝန်ထမ်းစုစုပေါင်း ၂၀၀ ကျော်ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ စီမံကိန်းတစ်ခုလုံး၏ အရည်အသွေး ထိန်းသိမ်းရေး (Q/C)နှင့် ပတ်သက်၍ ပို့ဆောင်ရေး ဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(DCA)မှ ကျွမ်းကျင်သူများက အနီးကပ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ နေပြည်တော်လေဆိပ်ကို နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးအဖြစ် တိုးမြှင့်ဆောက်လုပ်ခြင်းမပြုမီ လက်ရှိအသုံးပြုလျက်ရှိသော နေပြည်တော်လေဆိပ်အကြောင်း သိရှိနိုင်ရန်အတွက် လက်ရှိအသုံးပြုနေသော နေပြည်တော်လေဆိပ်တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးစိန်ဝင်းအား နေပြည်တော်လေဆိပ် ပြေးလမ်းနှင့် အချက်ပြစနစ်များ တပ်ဆင်ထားမှုအခြေအနေကို မေးမြန်းရာတွင် "လက်ရှိအသုံးပြုနေတဲ့ လေယာဉ်ပြေးလမ်းအတိုင်းအတာက (၁၂၀၀၀ X ၂၀၀)ပေ၊ လေယာဉ်အဝင်လမ်းက (၅၀၀ X ၄၀၀)ပေ၊ လေယာဉ်ရပ်နားနေရာက (၆၀၀X ၄၀၀)ပေ၊ ပြေးလမ်းအထူ ၂၆လက်မ၊ ပြေးလမ်းအမျိုးအစား ကွန်ကရစ်၊ ပြေးလမ်းခံနိုင်အား ၈၇၃၀၀၀ ပေါင် ဖြစ်ပါတယ်။ တပ်ဆင်ထားတဲ့ ခေတ်မီအချက်ပြ ကိရိယာတွေကတော့ VOR တည်ထားတဲ့နေရာနဲ့ လေယာဉ်ရောက်ရှိနေရာမှ ဒီဂရီကိုပြတဲ့ကိရိယာ (VHF Omni Directional Radio Range)၊ လေယာဉ်ကွင်းတည်ထားတဲ့နေရာပြကိရိယာ (Non-Directional Radio Bacon)၊ အဖြောင့်အကွာအဝေးတိုင်းကိရိယာ (Distance Measuring Equipment) နဲ့ လေယာဉ်ဆင်းသက်မှု အထောက်အကူပြုစနစ် (Instrument Landing System) တွေဖြစ်တဲ့ ပြေးလမ်းဗဟိုမျဉ်းအချက်ပြစနစ် (Runway Center Line)၊ အလင်းရောင်သုံးနိမ့်ထောင့်(၃ဒီဂရီ) ပြကိရိယာ (Precision Approach Path Indicator) ၊ လေယာဉ်ဆင်းသက်သည့် နိမ့်ထောင့် (၃ဒီဂရီ)ပြကိရိယာ (Glide Path)နဲ့ လေယာဉ်ဆင်းသက်ရမည့်နေရာ အကွာအဝေးပြကိရိယာ (ILS DME) တို့ပဲ ဖြစ်ပါတယ်။ လက်ရှိ နေပြည်တော်လေဆိပ်မှာ မည်သည့် လေယာဉ်အမျိုးအစားမဆို ဆင်းသက်နိုင်ပါတယ်"ဟု ပြောကြားသည်။

ထို့အတူ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီး တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်မှ စီမံကိန်း ဒါရိုက်တာ ဦးနေလင်းအား တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ မေးမြန်းရာ "နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်းကို ဒီဇိုင်းရေးဆွဲတဲ့ CPG ကုမ္ပဏီကတော့ သူတို့အတွေ့အကြုံအရ ပထမအဆင့်ပြီးစီးဖို့ လပေါင်း ၃၀ လောက်ကြာမယ်လို့ ခန့်မှန်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ဒီထက်စောပြီးနိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာပါ။ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံတည်ဆောက်ရတာဟာ တစ်ခြား ဆောက်လုပ်ရေးလုပ်ငန်းတွေဖြစ်တဲ့ လမ်းဖောက်၊ တံတားဆောက်တာတို့၊ ကျောင်းဆောက်တာတို့၊ အိမ်ဆောက်ရတာမျိုးနဲ့ မတူပါဘူး။ သာမန်အဆောက်အအုံများမှာ မပါဝင်တဲ့

နေပြည်တော် အပြည်ပြည်ဆိုင်ရာ ... ပြီးစီးပါက ပြည်ပထွက်ခွာသူများ စစ်... national Check-In Hall)ကို ဤသို့ ...

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်တွင် လေဆိပ် အဆောက်အအုံ ပင်မဆောင် ဆောက်လုပ်ရန်အတွက် ပိုင်ရိုက်နေမှုကို တွေ့ရစဉ်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ လေဆိပ်အဆောက်အအုံ ပင်မဆောင် ဆောက်လုပ်ရာတွင် အသုံးပြုမည့် ကွန်ကရစ် ပိုင်တိုင်များကို ဤသို့ ပုံသွင်းလောင်းပြုလျက်ရှိသည်။



နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆောက်အအုံ ပြီးစီးပါက ပြည်ပထွက်ခွာသူများ စစ်ဆေးခန်းမဆောင် (International Check-In Hall)ကို ဤသို့ တွေ့မြင်ရမည်ဖြစ်သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံ ပြီးစီးသွားပါက ပို့ဆောင်/ကြိုဆိုသူများ ခန်းမဆောင်ကို ဤသို့ သန့်ရှင်းသပ်ရပ် ခေတ်မီလှပစွာ တွေ့မြင်ရမည်ဖြစ်သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆောက်အအုံ ပြီးစီးသွားပါက ပြည်ပဆိုက်ရောက်ပစ္စည်း ရွေးယူရန်နေရာ (International Baggage Claim)ကို ဤသို့ တွေ့မြင်ရမည်ဖြစ်သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံ နှင့်အတူ ပါဝင်လာမည့် ပြည်ပဆိုက်ရောက် စင်္ကြံဒီဇိုင်းပုံစံကို ဤသို့ တွေ့ရသည်။

DME) တို့ပဲ ဖြစ်ပါတယ်။ လက်ရှိ နေပြည်တော်လေဆိပ်မှာ မည်သည့် လေယာဉ်အမျိုးအစားမဆို ဆင်းသက်နိုင်ပါတယ်"ဟု ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုမှာ ရှိသင့်ရှိထိုက်တဲ့ ခေတ်မီအပြင်အဆင်နဲ့ စက်ပစ္စည်းအားလုံး ထည့်သွင်း တည်ဆောက်မှာဖြစ်

ထို့အတူ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီး တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အေးရှားဝေါ(လ်) ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးနေလင်းအား တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ မေးမြန်းရာ "နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်းကို ဒီဇိုင်းရေးဆွဲတဲ့ CPG ကုမ္ပဏီကတော့ သူတို့အတွေ့အကြုံအရ ပထမအဆင့်ပြီးစီးဖို့ လပေါင်း ၃၀ လောက်ကြာမယ်လို့ ခန့်မှန်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ဒီထက်စောပြီး နိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာပါ။ အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံတည်ဆောက်ရတာဟာ တစ်ခြား ဆောက်လုပ်ရေးလုပ်ငန်းတွေဖြစ်တဲ့ လမ်းဖောက်၊ တံတားဆောက်တာတို့၊ ကျောင်းဆောက်တာတို့၊ အိမ်ဆောက်ရတာမျိုးနဲ့ မတူပါဘူး။ သာမန်အဆောက်အအုံများမှာ မပါဝင်တဲ့ Air Conditioning Mechanical Ventilation (ACMV) System, Flight Information Display System (FIDS), Baggage Handling System (BHS), Departure Control System, Security Screening System စတဲ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုမှာ ပါသင့်ပါထိုက်တဲ့ Airport Specialist System အမယ်မျိုးစုံကို တစ်ခုနဲ့တစ်ခု အံ့ဝင်ခွင်ကျမှုရှိအောင် ပေါင်းစပ်တည်ဆောက်ရတာဖြစ်ပါတယ်။ ဒါ့အပြင် အဆောက်အအုံ နံရံနဲ့ ခေါင်မိုးတွေကို အသံလုံအောင်၊ လေယာဉ်အင်ဂျင်စက်သံကြောင့် ဖြစ်ပေါ်လာမယ့် တုန်ခါမှုခံနိုင်အောင်၊ အပူချိန်ထိန်းနိုင်အောင် တည်ဆောက်ရပါတယ်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲ့ ဒီဇိုင်းပုံစံဟာ ခေတ်မီသွက်လက်တဲ့ ပုံသဏ္ဌာန်ဖြစ်ပြီး ခရီးသည်တွေ အလွယ်တကူ သက်သောင့်သက်သာနဲ့ လေဆိပ်အတွင်း ချဉ်းကပ်ဝင်ရောက်သွားလာနိုင်တဲ့ ဒီဇိုင်းမျိုးလည်း ဖြစ်ပါတယ်။ နိုင်ငံတကာက အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုမှာ ရှိသင့်ရှိထိုက်တဲ့ ခေတ်မီအပြင်အဆင်နဲ့ စက်ကိရိယာပစ္စည်းအားလုံး ထည့်သွင်းတည်ဆောက်သွားမှာဖြစ်ပါတယ်။ ပုံစံအရ ခေတ်မီသလို အသုံးပြုသူတွေလည်း အဆင်ပြေမှာ ဖြစ်ပါတယ်။ နောက်ဆုံးပေါ် စက်ပစ္စည်းကိရိယာတွေကိုသုံးပြီး တည်ဆောက်မှာဖြစ်တဲ့အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံနဲ့ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံတွေထက် ပိုပြီး ခေတ်မီဆန်းသစ်မယ်လို့ ပြောနိုင်ပါတယ်။

အေးရှားဝေါ(လ်) ကုမ္ပဏီအနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံ ဆောက်လုပ်ခဲ့တဲ့ အတွေ့အကြုံ ရခဲ့ပြီးပါပြီ။ အခုစီမံကိန်းဟာ ဒုတိယမြောက်ဖြစ်ပါတယ်။ CPG ကုမ္ပဏီကထုတ်တဲ့ ဒီဇိုင်းအပေါ်မှာ ကျွန်တော်တို့ဆီက လက်သမား၊ ပန်းရန်နဲ့ သံချည်သံကွေးသမားတွေနားလည်အောင် မြန်မာမှုပြုရတာအချို့ ရှိမှာဖြစ်ပေမယ့် ကျွန်တော်တို့မြန်မာတွေရဲ့ ပင်ကို ထက်မြက်မှုကြောင့် ဒီဇိုင်းမှာပါတဲ့အတိုင်း ထပ်တူဖြစ်အောင် တည်ဆောက်နိုင်ပါတယ်။ ခေတ်မီတယ် ဆိုတဲ့နေရာမှာ လေဆိပ်အဆောက်အအုံတစ်ခုတည်း ခေတ်မီနေတာမျိုးမဟုတ်ဘဲ ပတ်ဝန်းကျင်ကလည်း လိုက်ဖက်ခေတ်မီအောင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုနဲ့ မြေအလှပြုပြင်မှု လုပ်ငန်းတွေကိုလည်း ထည့်သွင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်း၏ ပထမအဆင့် တည်ဆောက်မှုလုပ်ငန်းများတွင် လေယာဉ်ပြေးလမ်း (Runway) ပါဝင်မည်မဟုတ်ဘဲ လက်ရှိအသုံးပြုနေသော အဆင့်မီနေပြည်တော် လေဆိပ် လေယာဉ်ပြေးလမ်း (Runway) ကိုသာ ဆက်လက်အသုံးပြုမည်ဖြစ်သည်။ ဒုတိယအဆင့်၊ တတိယအဆင့် တည်ဆောက်မှုလုပ်ငန်းများကျမှသာ နောက်ထပ် လေယာဉ်ပြေးလမ်း (Runway) များ ပါဝင်လာမည်ဖြစ်သည်။

စီမံကိန်းအဆင့်(၁) တည်ဆောက်မှုလုပ်ငန်းများတွင် အလျားမီတာ ၃၇၀၀ အကျယ် ၃၀ ဒသမ ၅ မီတာရှိသည့် လေယာဉ်သွားလမ်း (Taxiway)၊ တစ်ပြိုင်တည်း လေယာဉ် ၁၀ စင်း ရပ်နားနိုင်သော အလျား ၄၀၃ မီတာ၊ အကျယ် ၃၃၆ မီတာ စုစုပေါင်းဧရိယာ ၁၃၅၄၀၈ စတုရန်းမီတာ ကျယ်ဝန်းသည့် လေယာဉ်ရပ်နားနေရာ(Apron)၊ လေဆိပ်အဆောက်အအုံ (Passenger Terminal Building)၊ ချဉ်းကပ်လမ်း၊ ကားရပ်နားရန်နေရာ (Car Parking)၊ လေကြောင်းထိန်းမျှော်စင် (Control Tower) နှင့် အခြားအထောက်အကူပြု လုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

စီမံကိန်းအဆင့် (၂)တည်ဆောက်မှုလုပ်ငန်းများတွင် တည်ဆောက်ပြီး လေဆိပ်အဆောက်အအုံ၏အရှေ့ဘက်၌ ပေ ၁၂၀၀×ပေ၁၂၀၀ရှိ လေယာဉ်ရပ်နားနေရာတစ်ခု၊ VIP လေယာဉ်ရပ်နားနေရာတစ်ခု၊ တည်ဆောက်ပြီး လေဆိပ်အဆောက်အအုံ၌ ခရီးသည်အတက်၊ အဆင်း တံတားလေးခုတိုးချဲ့ခြင်း၊ Flight Catering အဆောက်အအုံ၊ Government Complex အဆောက်အအုံနှင့် Airport Maintenance Baseတို့ ပါဝင်တည်ဆောက်မည် ဖြစ်သည်။

စီမံကိန်း အဆင့်(၃)တွင် တည်ဆောက်ပြီး လေဆိပ်ပင်မအဆောက်အအုံ၌ ခရီးသည် အတက်၊အဆင်း တံတား ၁၇ စင်း တိုးချဲ့တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး လေယာဉ်သွားလမ်းနှင့်အပြိုင် Dual Parallel Taxiway ပေ ၁၂၀၀×ပေ၁၀၀ တစ်ခု၊ လေဆိပ်အဆောက်အအုံ၏ အရှေ့ဘက်ခြမ်းတွင် လေယာဉ်ပြေးလမ်း ပေ ၁၂၀၀၀× ပေ၂၀၀ တစ်ခု၊ Dual Parallel Taxiway ပေ ၁၂၀၀၀×ပေ၁၀၀ တစ်စုံ၊ လေယာဉ်အမြန်ဝင်/ထွက်လမ်း ပေ ၆၅၀×ပေ၁၀၀ လေးခု၊ လေယာဉ်ဝင်/ထွက်လမ်းပေ ၅၅၀×ပေ၁၀၀လေးခု နှင့် ကုန်တင်လေယာဉ်ရပ်နား နေရာတို့ ပါဝင်တည်ဆောက်မည်ဖြစ်သည်။

တစ်နှစ်လျှင် နိုင်ငံတကာခရီးသည် နှစ်သန်း ပြည်တွင်းခရီးသည် ၁ ဒသမ ၅သန်း စုစုပေါင်း ၃ ဒသမ ၅ သန်း အသုံးပြုနိုင်သော လေဆိပ်ပင်မအဆောက်အအုံတွင် ၁၇၁၇၄ စတုရန်းမီတာကျယ်ဝန်းသော ပင်မအဆောက်၊ ၃၂၂၄ စတုရန်းမီတာစီကျယ်ဝန်းသော အရှေ့ဘက်အဆောက်နှင့် အနောက်ဘက်အဆောက်၊ ၅၉၁၂ စတုရန်းမီတာ ကျယ်ဝန်းသော မြောက်ဘက်အဆောက် စသည်တို့ပါဝင်သည်။ အဆောက်အအုံတစ်ခုလုံးရှိ မြေညီထပ်၊ ထပ်ခိုးနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၉ မှ

ပထမထပ်တို့၏ စုစုပေါင်းဧရိယာသည် စတုရန်းမီတာ ၆၃၀၀၀ ရှိသည်။

လေဆိပ် အဆောက်အအုံသည် သံကူကွန်ကရစ် အုတ်မြစ်ပိုင်တိုင် အမျိုးအစား နှစ်ထပ်အဆောက်အအုံ ဖြစ်ပြီး မြေညီထပ်ကို ဆိုက်ရောက်ခရီးသည်များ အသုံးပြုရန်နှင့် ပထမထပ်ကို ထွက်ခွာခရီးသည်များ အသုံးပြုရန် ရည်ရွယ်ထားသည်။ အနောက်ဘက်အဆောင်သည် ပြည်တွင်းခရီးသည်များ အသုံးပြုရန်အတွက်ဖြစ်ပြီး အရှေ့ဘက်အဆောင်နှင့် မြောက်ဘက်အဆောင်သည် ပြည်ပခရီးသည်များ အသုံးပြုရန် ဖြစ်သည်။

ခေတ်မီစက်ပစ္စည်းများကို ခရီးသည် ကောင်တာများ၊ နိုင်ငံကူးလက်မှတ် စိစစ်ရာနေရာ၊ အထွက်ခရီးသည် အကောက်ခွန်စစ်ဆေးရေးကောင်တာ၊ အဝင်ခရီးသည် အကောက်ခွန်စစ်ဆေးရေးကောင်တာနှင့် ဆိုက်ရောက်ခရီးသည် ဝန်စည်စလယ် ရွေးယူရာနေရာတို့တွင် တပ်ဆင်မည် ဖြစ်သည်။

လေဆိပ်ချဉ်းကပ်လမ်းသည် (Two Ways / Four Lanes) ဖြစ်ပြီး မီတာ ၁၅၀၀ ရှည်လျားသည်။ ကားရပ်နားရန် နေရာသည် အလျားမီတာ ၂၀၀၊ အနံ ၁၀၇ မီတာ ဧရိယာ စုစုပေါင်း စတုရန်းမီတာ ၂၁၄၀၀ ကျယ်ဝန်းသည်။ လေကြောင်းထိန်း မျှော်စင် (Control Tower) သည် ၆၂ မီတာ မြင့်ပြီး ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် တည်ဆောက်မည့် လုပ်ငန်းအားလုံးကို ထိန်းသိမ်းကွပ်ကဲနိုင်မည်ဖြစ်သည်။

ထို့ပြင် အထောက်အကူပြုလုပ်ငန်းများ အနေဖြင့် လေယာဉ်ဆီဖြန့်ဖြူးသည့်နေရာ၊ ရေမိလ္လာစနစ်၊ ရေထုတ်စနစ်၊ လေဆိပ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားမည် ဖြစ်သည်။

ဆက်လက်၍ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး စီမံကိန်းမှ စီမံကိန်းအင်ဂျင်နီယာ ဦးသိန်းထွန်းအား အခြေခံလုပ်ငန်းဖြစ်သော မြေသားလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို မေးမြန်းရာတွင် "လက်ရှိမှာ စပြီးလုပ်နေတာက လေဆိပ်အဆောက်အအုံ ပင်မဆောင်၊ လေယာဉ်ရပ်နားနေရာ၊ အဝင်လမ်းနဲ့ အထောက်အကူပြုလမ်းတွေအတွက် အပေါ်ယံမြေလွှာ ဖယ်ရှားခြင်းလုပ်ငန်းဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေ အားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးနေပါပြီ။ သတ်မှတ်ထားတဲ့ Design Level မဟုတ်သေးဘဲ ကြိုတင်ပြင်ဆင်ထားတဲ့ Level တစ်ခုကို မြေသားဖို့ပြီး ကြိတ်တဲ့လုပ်ငန်း ဆက်လုပ်နေပါတယ်။ အငှားမြေသား (Borrow Soil)ဖို့တဲ့ လုပ်ငန်းလည်း ၆၅ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ မိုးမကျမီ မြေသားလုပ်ငန်းပြီးစီးဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါ့အပြင် Taxi-way နဲ့ Apron တို့ကို ကွန်ကရစ်လောင်းတဲ့လုပ်ငန်းနဲ့ ပင်မဆောင်အတွက် ပိုင်ရိုက်တဲ့ လုပ်ငန်းတွေလည်း လုပ်နေပါတယ်" ဟု ပြောကြားသည်။

နိုင်ငံတကာအဆင့်မီ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး ပေါ်ထွန်းလာပါက ပြည်တွင်း၊ ပြည်ပခရီးသည်များအနေဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အသုံးပြု၍ မြန်မာတစ်လွှား၊ ကမ္ဘာတစ်လွှားခရီးဆန့်နိုင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံတကာလေဆိပ်များနည်းတူ ခရီးသည်တို့ စိတ်ချမ်းမြေ့ဖွယ်ရာ အဆင့်မြင့်ဝန်ဆောင်မှုများ တိုးတက်ဖြည့်ဆည်းရရှိနိုင်မည် ဖြစ်ပေသည်။ ကမ္ဘာနှင့် မြန်မာခရီးသည်များအနေဖြင့် သဘာဝ သစ်တောသယံဇာတများ တည်ရှိရာ နေပြည်တော်၏ စိမ်းလန်းစိုပြည်မှုအကြားမှ ခေတ်မီဆန်းပြားလှပလှသော လေဆိပ်ကြီးကို အံ့သြဖွယ်ရာ တွေ့မြင်ရတော့မည် ဖြစ်ပေသည်။ စိမ်းလန်းမှုနှင့် ခေတ်မီမှုဆန့်ကျင်ဘက်ချင်း အားပြိုင်လှပမှုကို ထူးခြားစွာ ခံစားရရှိနိုင်မည့် ပကတိသရုပ်ပင်ဖြစ်သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးကို အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခု၏ စံချိန်စံညွှန်းများ၊ အင်္ဂါရပ်များနှင့်အညီ နိုင်ငံတကာအဆင့်မီ လေဆိပ်အဖြစ် တည်ဆောက်နေပြီဖြစ်ရာ နေပြည်တော်အတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ဆောင်နိုင်မည့် အဆောက်အအုံတစ်ခု ဖြစ်လာမည်ဖြစ်သည်။ ရှေးဟောင်းအမွေအနှစ်တို့ဖြင့် ဂုဏ်သတင်း ကျော်စောခဲ့သည့် မြန်မာ၊ သမိုင်းဝင် ပုထိုးစေတီများဖြင့် ထင်ရှားခဲ့သည့် မြန်မာ၊ ယဉ်ကျေးပျူငှာ ဖော်ရွေလှသည့် အပြုံးတို့ကြောင့် ကမ္ဘာက သိခဲ့သည့် မြန်မာ၊ ထိုမြန်မာကား ယခုအခါ ခေတ်မီမှုမှာလည်း နောက်မကျဘဲ ရှိနေကြောင်း ပြသဦးပေတော့မည်ဟု ကြုံးဝါးရင်း ရောင်းရင်း မြန်မာတို့ကို သတင်းကောင်းပါးလိုက်ရပါတော့သည်။ ။

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် ထွက်ခွာခရီးသည်အဆောင် (Departures Kerbside) ကို ဤသို့ ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်သည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၏ အထောက်အကူပြုလမ်းများကို စက်ယန္တရားကြီးများဖြင့် ဤသို့ ဖောက်လုပ်လျက်ရှိသည်။

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း၏ ပထမအဆင့်တွင် ပါဝင်သော အဆောက်အအုံများအတွက် မြေသားလုပ်ငန်းကို မိုးမကျမီပြီးစီးရေး မြေသယ်ယာဉ်ကြီးများဖြင့် ဤသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အထက(၁) လှိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၂၄

အထက(၁) လှိုင်၌ ၁၉၈၆ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မေ ၁ ရက် (သောကြာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အဆိုပါကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပညာသင်ကြားပေးခဲ့ကြသော ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲ အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ကိုစိန်လွင် ဖုန်း- ၀၉၅၁၁၁၅၂၀၊ ကိုဝင်းအောင်သန်း ဖုန်း- ၀၉၅၀၆၈၁၆၂၊ ကိုအောင်ကျော်မိုး ဖုန်း- ၅၀၁၄၆၆ Ext-၂၇၅၊ မကျင်ငွေ ဖုန်း- ၅၁၆၁၂၀၊ မအေးယုဆွေ ဖုန်း- ၀၉၅၁၄၈၃၇၃၊ မနွယ်နွယ်ဦး ဖုန်း- ၇၂၇၃၃၇၊ ကိုမြင့်မိုရ်သျှမ်း ဖုန်း- ၀၉၅၁၅၂၇၀၇၊ ကိုကျော်သီဟ ဖုန်း- ၀၉၅၁၀၁၂၀၆၊ မမျိုးသီတာ ဖုန်း- ၅၃၄၉၄၃ (ထ-၁၊ လှိုင်)၊ မခင်နှင်းရီ ဖုန်း- ၅၁၂၀၀၉၊ ကိုနေလင်း ဖုန်း- ၀၉၅၀၀၄၈၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မေ ၂၄

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ စက်မှုမဏ္ဍာရုံ၌ မေ ၂ ရက် (စနေနေ့) နံနက် ၇ နာရီတွင် ကျင်းပ မည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်း မဝင်ရသေးသူများ၏ မိသားစုနှင့် ဆုယူ ရန် လျှောက်ထားပြီးသူများ မပျက်မကွက် တက်ရောက်ရန်နှင့် အကြံပေးဆွေးနွေးလို သူများသည် နီးစပ်ရာ အမှုဆောင်များနှင့် ဥက္ကဋ္ဌ အမှတ် (၁၀) လမ်းဆက်လမ်း ဦးထွန်းမြတ်လမ်းထောင့် တာမွေမြို့နယ်၊ အတွင်းရေးမှူး အမှတ် (၃၅) အိမ်ကြီးလမ်း ရေကျော် ပုဇွန်တောင်မြို့နယ်တို့သို့ အစည်းအဝေးမတိုင်မီ ခုနစ်ရက်ကြိုတင် အကြောင်းကြားရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအတွက် မတ် ၂၈ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် မြို့နယ် မီးသတ်တပ်ဖွဲ့မှူးတို့ ကြီးကြပ်၍ စုပေါင်း လေ့ကျင့်ကြစဉ်။

(မြို့နယ် စည်ပင်)

ဥတုရာသီ တောကို မှီ၍

မျက်စိလူနာများအား အခမဲ့ ကုသပေးမည်

ရန်ကုန် မေ ၂၄

ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဂျပန်နိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး Dr.Yoshifumi Fujita ခေါင်းဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများပူးပေါင်း၍ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး၌ မေ ၄ ရက်မှ ၆ ရက်ထိ မျက်စိအတွင်းတိမ်လူနာများအား အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

မျက်စိရောဂါရှိသူ လူနာများအနေဖြင့် မန္တလေးမြို့ (၂၃) လမ်း (၈၀×၈၁) လမ်းကြား မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး၌ မေ ၃ ရက်မှ စ၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စည်းလုံးခြင်းသည် အင်အား ရုပ်တုဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း တက်ရောက်အားပေးပြီး မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းတို့ ရုပ်တုကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ဂါရဝပြု

မဟာသင်္ကြန်အတက်နေ့က မုံရွာမြို့ အောင်မင်္ဂလာရပ် ဆွမ်းလောင်း အသင်း၏ ဒုတိယအကြိမ် သက်ကြီး ပူဇော်ပွဲတွင် အဘိုး၊ အဘွားများအား ဂါရဝပြု ပူဇော်ကန်တော့ကြစဉ်။

(ကြေးမုံ)

ပေါင်းစည်းလယ်ယာမြေတွင် မီးဖိုချောင်သုံး သီးနှံများစိုက်ပျိုး

ရန်ကုန် မေ ၂၄

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ အမှတ်(၁) ဘက်စုံ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ အတွင်း ပေါင်းစည်းလယ်ယာမြေ ငါးဧက တွင် မီးဖိုချောင်သုံး သီးနှံများ စိုက်ပျိုး ပြီးစီးမှု၊ ပေါင်းစည်းလယ်ယာမှ စွန့်ပစ် ပစ္စည်းများဖြင့် ဇီဝဓာတ်ငွေ့လှောင်ကန် တည်ဆောက်ရန် ဆောင်ရွက်နေမှုနှင့် ဥစားကြက် မွေးမြူရေးခြံတို့အား သွား ရောက်ကြည့်ရှု စစ်ဆေးသည်။

(အောက်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အမှတ်(၁)စိုက်ပျိုးရေးနှင့် မွေးမြူရေး ခြံအတွင်း ပေါင်းစည်းလယ်ယာမြေ ငါးဧကတွင် မီးဖိုချောင်သုံး သီးနှံများ စိုက်ပျိုးပြီးစီးမှုနှင့် ဇီဝဓာတ်ငွေ့လှောင် ကန်တည်ဆောက်ရေးအတွက်ဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးဖိုချောင်သုံး သီးနှံများကို ရာသီ အလိုက် တိုးချဲ့စိုက်ပျိုး၍ ပြည်သူများ သို့ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက် အရောက် ရောင်းချနိုင်သည်အထိ အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူ များအား မှာကြားသည်။ (၄၆၉)

ကြာအင်းဆိပ်ကြီး ပြန်/ဆက်ရုံးသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၄

ကြာအင်းဆိပ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး သစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂ ရက် တွင် အဆိုပါ ရုံးအဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အဆင့် တာဝန်ရှိသူ များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးလွင်တို့က ရုံးအဆောက်အအုံအသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စာကြည့်တိုက် ပဒေ သာပင်အတွက် အလှူငွေများ ပေးအပ် သည်။

ရုံးသစ် အဆောက်အအုံသည် ပေ ၂၀ X ပေ ၂၀ အုတ်ညှပ် တစ်ထပ်၊ ရုပ်မြင်သံကြားပြခန်းနှင့် ၄၄ ပေ X၂၄ ပေ အုတ်ညှပ်တစ်ထပ်စာကြည့်တိုက်နှင့် ရုံးခန်းမတို့ဖြစ်ပြီး ငွေကျပ် ၁၉၇ သိန်း ကုန်ကျကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ရော်ဘာစိုက်ပျိုးပြုစုထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင် တန့်ယန်းမြို့ မြန်မာ့နှစ်ရှည် ပင်လုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော အခြေခံရော်ဘာပျိုးခင်းနှင့် စိုက်ပျိုး ပြုစုထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၅ ရက်က တန့်ယန်း မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းက သင်တန်း ဆင်းအမှာစကား ပြောကြားပြီး မြန်မာ့ နှစ်ရှည်ပင်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးမင်းအောင်ဝင်းက သင်တန်းပို့ချမှုနှင့် နည်းပညာပံ့ပိုးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လားရှိုးခရိုင် မြေစာရင်း ဦးစီးမှူး ဦးလဇွန်တန်ဂွန်းက မြေလွတ် မြေရိုင်း လျှောက်ထား ခွင့်ပြုနိုင်မှု အခြေအနေများကို ဆွေးနွေးပြောကြား ပြီး သင်တန်းသားတစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သံလွင်အရှေ့ ခြမ်း၊ အနောက်ခြမ်း ဒေသများရှိ ရော်ဘာစိုက်ပျိုး ထုတ်လုပ်နေကြသော ဒေသခံခြံလုပ်သားများ တက်ရောက် ကြသည်။

(၅၃၃)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေပြာ-သနပ်ကွင်းလမ်း ကျောက် ချောလမ်း ခင်းကျင်းဆောင်ရွက်မည့် လမ်းအခြေအနေကို မတ် ၇ရက်က ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်း၊ ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ရှင်းလင်းပြောကြားကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

ရန်ကုန် မေ ၂၄

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အတွက်စာဖတ်ဝိုင်းနှင့်ဆွေးနွေးပွဲကို မေ ၈ ရက်က သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးဝင်း တင့်က အမှာစကားပြောကြားပြီး စာထောက်-၃ ဒေါ်ထွေးထွေးစိန်က မတ် ၃၀ ရက် ထုတ် ကြေးမုံသတင်းစာပါ ကျော်ဦးဆွေ၏ "ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး" ဆောင်းပါးပထမပိုင်းကိုလည်းကောင်း၊ ရုပ်/ သံ-၃ ဦးဇော်မင်းထွေးက မတ် ၃၁ ရက်ထုတ် ကြေးမုံသတင်းစာပါ ကျော်ဦးဆွေ၏ "ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး" ဆောင်းပါး ဒုတိယပိုင်းကိုလည်းကောင်းဖတ်ကြားဆွေးနွေးကြသည်။ (၄၂၅)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မေ ၂၄

မေ ၁၉ ရက်က ဦးအင်ဒရူးဘွိုင်း လျန်အုပ်သည် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့တော်ဂေါက် ကွင်း ငွေသော်တာကွင်းတွင် ဂေါက်သီး ရိုက် ကစားစဉ် ကျင်းအမှတ်(၅)၌ ၁၅၄ ကိုက်အကွာမှ SRIXON No-1 ဘောလုံးကို HONMA Iron NO-7 (Tour Model) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြ သော ဦးဝင်းငွေ၊ ဦးမြတ်လွင်၊ ဦးသက် ထွန်းညွန့်၊ ဦးအေးလင်းမောင်တို့နှင့် အတူ ကစားလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ဘိုင်အိုဘက်ထရီအသုံးပြုနည်း သရုပ်ပြရှင်းလင်း

ရန်ကုန် မေ ၂၄

မြင်းခြံခရိုင် ကျောက်ပန်းတောင်း မြို့နယ်အတွင်းရှိ ကျေးရွာတိုင်း မီးလင်း စေရေးအတွက် တာရှည်အသုံးခံသည့် (ဘိုင်အိုဘက်ထရီ)အသုံးပြုနည်း သရုပ်ပြ ရှင်းလင်းပွဲ အခမ်းအနားကို မေ ၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဆန်းထွန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များတက်ရောက် ကြသည်။

အခမ်းအနားတွင် ပြည်တွင်းအခွန်များ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးဆန်းထွန်း က အဖွင့်အမှာစကား ပြောကြားပြီး အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ဦးမြင့်လွင် က ဘိုင်အိုဘက်ထရီ အသုံးပြုနည်းစနစ် များကို လက်တွေ့ရှင်းလင်းပြသကြောင်း သိရသည်။**(ဝဲပုံ)** (မြို့နယ်ပြန်/ဆက်)



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ **ကာတွန်းအစီအစဉ် - ဂြိုဟ်ကမ္ဘာမှသတ္တဝါများ (အပိုင်း-၁၈)**
- ၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - သမင်ကူလာ လွင်မိုး၊ နန္ဒာလှိုင် (ဒါရိုက်တာ မောင်သီ)**
- ၁း၅၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - မောင်နဲ့သာဆိုရင် (အပိုင်း-၄၁)**
- ၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၃း၀၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ဝတ်လွှာစိမ်းနဲ့ ပန်းနှင်းဆီ(အပိုင်း-၁၂)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူရွှင်တော်ရွှေဖလား
- ၁၉။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၀။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - အမှန်တရားရဲ့ ဘက်တော်သား (အပိုင်း-၁၅)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ပုဏ္ဏားကျွန်း အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၄

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းအထက ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၇ ရက်တွင် ပုဏ္ဏားကျွန်းအထက ပညာ့ဗိမာန်စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ၁၉၅၂ ခုနှစ်မှ၂၀၀၁ ခုနှစ်ထိပုဏ္ဏားကျွန်း အထက၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပုဏ္ဏားကျွန်းအထက မဟာပညာကျော်ခန်းမ၌ ကျင်းပမည် ဖြစ်ရာ ကန်တော့ခံဆရာ၊ ဆရာမကြီး များနှင့်ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးသန်းထွန်း ဖုန်း-၀၉ ၅၀၅၂၈၂၄၊ ဦးစံကျော်လှ ဖုန်း-၀၉-၈၅၀၀၈၁၆၊ ဦးသန်းထွန်း ဖုန်း - ၀၉-၈၅၀၃၂၀၅ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ခြံဝင်းနှင့် (RC) နှစ်ထပ်တိုက်တွင် အသင့်နေထိုင်လို သူများအတွက် ကွန်ဒိုတိုက်ခန်းထက် ဈေးသက်သာပြီး မိသားစု များများ နေထိုင်နိုင်သော(တိုက်သစ်) မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီကန်လမ်းမ ဘေးရှိမြေအကျယ် (ပေ၆၀×ပေ၇၀)၊ အိမ်အကျယ် (၅၀ပေ×၅၅ပေ)၊ ရိုးရိုးအိပ်ခန်းတစ်ခန်း၊ Master Bedroom သုံးခန်း၊ Aircon၊ ရေ၊ မီး၊ ကြိုးဖုန်းနှင့် ကားဂိုဒေါင် သီးသန့်ပါ။ (ကျပ်သိန်း-၉၀၀)

၂။ ပတ်ဝန်းကျင် အလွန်ကောင်းပြီး ဆိတ်ငြိမ်ရပ်ကွက်၊ မြို့ထဲသို့ (၈)မိနစ်ဖြင့် အရောက်သွားနိုင်သော VIPရတနာအိမ်ရာ၊ (၁၅၇ပေ×၁၃၅ပေ) (ပေ၉၀×၉၃ပေ) မြေအကျယ်၊ ရှစ်ပေအမြင့် အုတ်တံတိုင်းခတ်ပြီး တံခါးနှစ်ပေါက်ပါ(ထောင့်ကွက်)၊ နှစ်(၆၀) ဂရမ်၊ ရေ (၂၄)နာရီ မီး၊ ဖုန်းပါ၊ (ကျပ်သိန်း-၅၅၀)

၃။ မန္တလေးမြို့ (၁၄ပေ×ပေ၅၀) သုံးထပ်တိုက်အဆောက် အအုံပြင်ဆင်ပြီး Aircon၊ ရေ၊ မီး၊ ဖုန်းပါ၊ မန္တလေးပြည်သူ့ ဆေးရုံကြီးဘေး၊ (၂၉)လမ်းနှင့် လမ်း(၃၀)ကြား၊ (၇၇)လမ်း မျက်နှာပြု၊ မန္တလေးဘူတာကြီးအနီး၊ စီးပွားရေးလုပ်ရန် အချက် အချာနေရာကျ၊ မြို့လယ်နေရာကောင်း၊ အပေါ်လူနေ၍ အောက်တွင် အရောင်းပြခန်း(သို့မဟုတ်) စီးပွားရေးလုပ်ရန် အလွန်ကောင်းသည့် နေရာ။(ကျပ်သိန်း ၉၀၀)

ဆက်သွယ်ရန်ဖုန်း-၂၄၆၇၉၂ (လိုင်းခွဲ-၈၀၁)၊ ၂၄၁၁၉၄၊ ၀၉-၅၀၃၉၉၅၅၊ ၀၉-၈၆၀၁၃၃၉။

ကုန်စည်ပြပွဲကျင်းပမည်

လားရှိုးမြို့	၁-၅-၂၀၀၉ ရက်မှ ၅-၅-၂၀၀၉
ကျောက်မဲမြို့	၉-၅-၂၀၀၉ ရက်မှ ၁၃-၅-၂၀၀၉
ပြင်ဦးလွင်မြို့	၁၆-၅-၂၀၀၉ ရက်မှ ၂၀-၅-၂၀၀၉
ကျောက်ပန်းတောင်းမြို့	၂၄-၅-၂၀၀၉ရက်မှ၂၈-၅-၂၀၀၉

ရွှေခြသေ့ ဖုန်း-၀၉-၅၀-၃၁၆၆၀၊ ၀၉-၅၁-၇၃၀၇၆၊ ၃၇၁၈၀၀၊ လိုင်းခွဲ ၃၉၄၊ ၄၀၈၊ ၆၃၆၅၀၉။

ဗန်ပါစီနှင့် ကလစ်ချီ ချန်ပီယံလိဂ်ပွဲအား လွဲချော်မည်

လန်ဒန် ဧပြီ ၂၄

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ကစားရန်ရှိနေသည့် အာဆင်နယ် အသင်း၏ အဓိက ကစားသမား များဖြစ်ကြသည့် တိုက်စစ်မှူး ဗန်ပါစီနှင့် ဘယ်နောက်ခံလူ ကလစ်ချီတို့မှာ မန်ယူနှင့် အိုးထရက်ဖို့ဒ်တွင် ယှဉ်ပြိုင်ကစားရ မည့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ ပွဲစဉ်အား ဒဏ်ရာ ကြောင့် လွဲချော်တော့မည်ဖြစ် သည်။ ဗန်ပါစီမှာ တင်ပါးဆုံဒဏ်ရာ ရရှိနေကာ ပြီးခဲ့သည့် ပရီမီယာ လိဂ်ပွဲစဉ်(၃၃) လီဗာပူးနှင့်ပွဲတွင် ပါဝင်နိုင်ခဲ့ခြင်းမရှိပေ။ ၎င်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၃၅) ပို့စ်မောက် နှင့်ပွဲတွင်မှ အသင်းနှင့်အတူ ပြန်လည်ပါဝင်နိုင်မည်ဟု သိရ သည်။

ထိုနည်းတူ ဘယ်နောက်ခံလူ ကလစ်ချီမှာလည်း မန်ယူနှင့် ကစား ရမည့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အား လွဲချော် မည်ဖြစ်ပြီး မေ ၅ရက်တွင် ကစား မည့် ဒုတိယအကျော့၌သာ ပြန်လည် ပါဝင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ချန်ပီယံလိဂ် ဖလားတစ်လုံးသာ မျှော်လင့်ချက်ရှိတော့သည့် အာဆင် နယ်အနေဖြင့် အာရှာဗင်မှာလည်း ပါဝင်ခွင့်မရရှိခြင်းကြောင့် မန်ယူနှင့် ပွဲတွင် အဒီဘာယောနှင့် ဘန်တနာ တိုက်စစ်အတွဲဖြင့်သာ ပွဲထွက်ရ တော့မည်ဖြစ်သည်။ ထို့အတူ ဘယ်နောက်ခံလူ ကလစ်ချီ၏ နေရာတွင်လည်း ချယ်လ်ဆီး၊ လီဗာပူးတို့နှင့် ပွဲများတွင် ခြေစွမ်း ပြသနိုင်ခဲ့သည့် လူငယ်ခံစစ်မှူး

မန်ယူအသင်းနှင့် ချန်ပီယံလိဂ်ပွဲအား လွဲချော်တော့မည့် ဗန်ပါစီအားကစားဖော် ဝေါလ်ကော့နှင့်အတူ တွေ့ရစဉ်။

ကီရန်ဂစ်တ်တို့ထည့်သွင်းအသုံးပြု ရဦးတော့မည်ဖြစ်သည်။

အင်တာနက်။

ဘာစီလိုနာနှင့်ပွဲတွင်ကာဗယ်ဟို ပါဝင်နိုင်မည်မဟုတ်

လန်ဒန် ဧပြီ ၂၄

ချယ်လ်ဆီးအသင်း၏ ဗဟိုနောက် ခံလူကာဗယ်ဟိုမှာ တံကောက် ကြောဒဏ်ရာကြောင့် ဘာစီလိုနာ နှင့် ကစားရမည့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ် တွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း သတင်းများက ဖော်ပြထားသည်။ ကာဗယ်ဟိုမှာ ချယ်လ်ဆီး နောက်တန်းတွင် အသင်းခေါင်း ဆောင် ဂျွန်တယ်ရီနှင့် အတွဲညီညီ ကစားနိုင်သူဖြစ်ပြီး စိတ်ချရသည့် ဗဟိုခံစစ်မှူး တစ်ဦးလည်းဖြစ် သည်။ ၎င်းမှာ ပြီးခဲ့သည့် ချန်ပီယံ လိဂ်ကွာတားဖိုင်နယ် ဒုတိယ အကျော့ အိမ်ကွင်းတွင် လီဗာပူး အား လေးဂိုးစီသရေကျခဲ့သည့်ပွဲ၌ ဒဏ်ရာပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယင်း၏နေရာတွင် ဝင်ရောက်ကစားနေသည့် ဘရာဇီး နိုင်ငံသား အဲလစ်ကိုသာ နည်းပြ ဟစ်ဒင့်အနေဖြင့် ဆက်လက် အားကိုးရဖွယ်ရှိနေသည်။

အင်တာနက်။

ဘာစီလိုနာနှင့်ပွဲတွင် ပါဝင်နိုင်မည်မဟုတ်သည့် ချယ်လ်ဆီး ခံစစ်မှူး ကာဗယ်ဟို။

ငွေကျပ် ၂၀၀ တန် ထီဖွင့်ပွဲ မေ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

(၂၄၄)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို မေ ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ နံနက် ၈နာရီမှ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ဖွင့်လှစ်မည့် တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၃)ဆု၊ ငွေကျပ် ၁၀သိန်း ၂၇၃ဆု၊ ငွေကျပ် ၅သိန်း နှစ်ဆု၊ ငွေကျပ် ၃သိန်း ၁၃၅ဆု၊ ငွေကျပ် ၂သိန်း ဆု၁၂၃၀၊ ငွေကျပ် ၁သိန်း ၁၂၁၉၄ဆုအပါအဝင် ဆုမဲပေါင်း ၁၃၈၅၃ ဆုဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၄

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့ပါသည်။ **ထူးခြားသည့်နေ့ အပူချိန်များမှာ** မြင်းခြံမြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၁ဒသမ ၀၂ လက်မ၊ ထားဝယ်မြို့ တွင် သုညဒသမ ၇၅လက်မနှင့် မချမ်းဘောမြို့တွင် သုညဒသမ၇၁လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၂၅ရက် ညနေထိ ခန့်မှန်းချက် ။ ။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသ များတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ဧပြီလ နောက်ဆုံးရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက် ။ ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

ဘောလုံးလောကသတင်းတိုများ

✪ *လွန်ခဲ့သည့် နှစ်နှစ် သုံးနှစ်အတွင်း အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဘောလုံးပြိုင်ပွဲများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယှဉ်ပြိုင်ခြင်းတစ်စုံတစ်ရာမရှိခဲ့သော အာရှနိုင်ငံများဖြစ်ကြသည့် ကူဝိတ်၊ လာအို၊ အရှေ့တီမော၊ အာဖဂန်နစ္စတန်နှင့် မွန်ဂိုလီးယားနိုင်ငံတို့အား အာရှဘောလုံးအဖွဲ့ချုပ်များနှင့် ပတ်သက်သော မဲပေးခြင်းအပြင် ရွေးချယ် တင်မြှောက်ခံခွင့်၊ အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြိုင်ပွဲ များတွင် ပါဝင်ယှဉ်ပြိုင်ခွင့်များကို ဆိုင်းငံ့ပိတ်ပင်လိုက်ကြောင်း ဖီဖာ ဒါရိုက်တာ မာကိုဗီလီဂျာက ပြောကြားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။*

✪ *ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ရီးယဲလ်မက်ဒရစ် အသင်း၌ ပုံမှန်နေရာမရဖြစ်နေသည့် ဟော်လန်ကစားသမား ဗန်ဒါဗက် အား ခေါ်ယူရန်ကြိုးစားနေကြောင်း သိရသည်။*

✪ *ချယ်လ်ဆီးဂိုးသမား ပီတာချက်ကပြီးခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ် (၃၃)တွင် အဲဗာတန်အား သရေကစားနိုင်သည့်ပွဲအပြီးတွင် မိမိတို့ အသင်းမှာ ပရီမီယာလိဂ်ချန်ပီယံဖြစ်ခွင့်ကုန်ဆုံးပြီဟု ထုတ်ဖော်ပြောဆို လိုက်သည်။*

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

ပြည်ပအလုပ်အကိုင်ကြော်ငြာ

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရရှိထားသော ''သုခစုစံကုမ္ပဏီ'' တွင် စင်ကာပူနိုင်ငံ Engineering Co.,Ltd. ၌ အလုပ်ခန့်အပ်ရန် အရည်အချင်းရှိသော အမျိုးသားများကို အလုပ်ရှင်မှ လာရောက်ရွေးချယ် ခေါ်ယူပါမည်။

- ◆ အထွေထွေတပ်ဆင်လုပ်သား - (၁၀၀)ဦး ◆ အသက် - ၃၅ နှစ်ထက် မကြီးသူများ
- ◆ ပညာအရည်အချင်း-အလယ်တန်းအဆင့် နှင့်အထက် ◆ အခြေခံလစာ - တစ်လလျှင် S$500+O.T

(အလုပ်ရှင်စရိတ်ဖြင့်နေစရာနှင့်ပို့ဆောင်ရေးစီစဉ်ပေးမည်၊လစာငွေမှဖြတ်တောက်မည်မဟုတ်ပါ)

- ◆ ဝန်ဆောင်ခ – S$ 1,500 နှင့်ညီမျှသောမြန်မာကျပ်ငွေ။

မလေးရှားနိုင်ငံ အထွက်အထွေထွေလုပ်သား ၁၅၀ ဦးအလိုရှိသည်။

စဉ်	ကုမ္ပဏီအမည်	ဦးရေ
1	Homesnliving Industries (M) Sdn. Bhd	၁၀၀ ဦး
2	Agensi Pekerjaan Teguh Sarjana Sdn.Bhd	၅၀ ဦး

အလုပ်ချိန်တစ်ရက်(၈း၀၀)နာရီ လစာ အချိန်ပိုလုပ်အားခပါပြီး RM - 750

- ❖ အသက်(၂၁)နှစ်မှ(၃၅)နှစ်အတွင်း အမျိုးသားဖြစ်ရမည်။
- ❖ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်သည် မလေးရှားနိုင်ငံအလုပ်ဥပဒေအတိုင်းဖြစ်ပါသည်။
- ❖ Passport မရှိသေးသူများလည်း လျှောက်ထားနိုင်ပါသည်။

သင်တန်းသားများနှင့် နယ်မှလာသူများအတွက် တည်းခိုရန်စီစဉ်ပေးမည်။

သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

အမှတ်(၇၇) ပန်းဆိုးတန်းလမ်း(အောက်)ပတ်စပို့(စ်)ရုံးအများကောင်းထိုး ကျောက်တံတားမြို့နယ်ရန်ကုန်မြို့။

Tel: 392 233, 377 576,386 877,385 758

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် လူမှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး Mr. Issara Somchai တို့ မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၄

မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

နိုင်ငံ့ဂုဏ်ဆောင်မည့် နိုင်ငံတကာအဆင့်မီ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီး မကြာမီ ငွားငွားစွင့်စွင့် ပေါ်ထွက်လာတော့မည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - တင်ထွေး(သတင်းစဉ်)

တန်ခူးလမို့ နံနက်အရုဏ်ဦးအချိန်တွင် နှင်းလိုလို မြူလိုလို ပြာလဲ့လဲ့ အရိပ်သဏ္ဌာန်များက မြင်ကွင်းကို ဇာပဝါပါးလွှမ်းခြုံထားသကဲ့သို့ ရှိနေပေသည်။ ထိုအနေအထားမှ နေထွက်ပြူစ အချိန်ရောက်သည်နှင့် မြူခိုးတို့ပြယ် ရှုချင်စဖွယ် မြင်ကွင်းကျယ်က အထင်အရှား ပေါ်ထွက်လာပေတော့ရာ ထွက်ပြူစနေခြည်အောက် လေဆိပ်ကွင်းပြင်ကျယ်အတွင်းမှ ခမ်းနားလှပမှုတို့ကား သတင်းအဖွဲ့ အပါအဝင် ပရိသတ်ကြီးကို ရင်ခတ်လှုပ်ရှားစေတော့သည်။ ခေတ်မီဝံ့ကြွားလှသော ပိုင်ရိုက်စက်ယန္တရားကြီးများက နေခြည်အောက်တွင် ရွှေရည်သောက်လျက် မကြာမီ ဖွင့်လှစ်တော့မည့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို စောင့်ကြိုနေသည့်အလား အင်နှင့်အားနှင့် မားမားစွင့်စွင့် ရှိလှတော့သည်။

မကြာမီ အချိန်တွင်ပင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✿**

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း အဆင့်အားလုံးပြီးစီးသွားပါက မြင်တွေ့ရမည့် လေဆိပ်တစ်ခုလုံး၏ အပေါ်စီးမြင်ကွင်း ဒီဇိုင်းပုံစံကို ဤသို့ ခေတ်မီလှပစွာ တွေ့ရသည်။